ကြေးမုံ
The Mirror

၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ (31-5-2006) (၄၉၇၄)

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ အင်ဒိုနီးရှားသမ္မတထံ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန်　　မေ　　၃၀

ပြည်ထောင်စုမြန်မာနိုင်ငံတော်–နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျဗားကျွန်းတွင် လွန်ခဲ့သောရက်အနည်းငယ်အတွင်းက ငလျင်လှုပ်ခတ်မှုကြောင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သည့်အတွက် စာနာထောက်ထားကြောင်း သဝဏ်လွှာကို အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုယိုနိုထံသို့ ပေးပို့ခဲ့သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတထံသို့ စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန်　　မေ　　၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်–နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး စိုးဝင်းသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျဗားကျွန်းတွင် လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက ငလျင်လှုပ်ခတ်မှုကြောင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် စာနာထောက်ထားကြောင်း သဝဏ်လွှာကို အင်ဒိုနီးရှားသမ္မတနိုင်ငံ သမ္မတ ဒေါက်တာ ဆူဆီလိုဘန်ဘန်း ယူဒိုယိုနိုထံသို့ ပေးပို့ခဲ့သည်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့်အဖွဲ့ဝင်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံသံအမတ်ကြီးတို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း လှုပ်ရှားမှုမှတ်တမ်းတင်ဓာတ်ပုံများကို ကြည့်ရှုအားပေးကြစဉ်။

(သတင်းစဉ်)

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ မူးယစ်ဆေးစွဲမှု နှစ်သိမ့်ဆွေးနွေးရေးနှင့် သင်တန်းအဆောက်အအုံ ဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲအခမ်းအနားသို့ တက်ရောက်ချီးမြှင့်

ရန်ကုန်　　မေ　　၃၀

ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေသည် ယနေ့နံနက် ၈နာရီတွင် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်း မူးယစ်ဆေးဝါးပပျောက်ရေးအထိမ်းအမှတ် ပြတိုက်အနီးရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်း မူးယစ်ဆေးစွဲမှု နှစ်သိမ့်ဆွေးနွေးရေးနှင့် သင်တန်းအဆောက်အအုံ၌ ကျင်းပသည့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းသို့ ဂျပန်နိုင်ငံအစိုးရနှင့် ပြည်သူများကဆောက်လုပ်လှူဒါန်းသော မူးယစ်ဆေးစွဲမှု နှစ်သိမ့်ဆွေးနွေးရေးနှင့် သင်တန်းအဆောက်အအုံဖွင့်ပွဲနှင့် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားသို့ တက်ရောက်အားပေးချီးမြှင့်သည်။

တက်ရောက်

အခမ်းအနားသို့ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦး၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ ရဲမှူးချုပ်သန်းဟန်၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nobutake Odano နှင့် သံရုံးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစံသိန်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် လူမှုရေးအသင်းအဖွဲ့များမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ●

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၃၁-၅-၂၀၀၆
(ဗုဒ္ဓဟူးနေ့)

ရေမြေသယံဇာတများ အစွမ်းကုန် ဖော်ထုတ်အသုံးပြု

စိုက်ပျိုးရေး၊ သစ်တော၊ မွေးမြူရေးနှင့် ရေလုပ်ငန်းကဏ္ဍများသည် နိုင်ငံ့စီးပွားရေးကို တိုးမြှင့်ပေးနိုင်သည့် ကဏ္ဍများဖြစ်သည်။ အဆိုပါ ကဏ္ဍများသည် ပြည်သူများအတွက် စားနပ်ရိက္ခာဖူလုံပိုလျှံရေးကို အထောက်အကူပြုလျက်ရှိသည်။ သစ်တောနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးကို အကျိုးပြုနေသည်။ ရက္ခနှင့် ဇီဝမျိုးစိတ်များ ထိန်းသိမ်းစောင့်ရှောက်ရေး၊ ဂေဟစနစ် မပျက်ယွင်းစေရေးတို့အတွက် ထိန်းညှိကာကွယ်ပေးနေပေသည်။

ထို့ကြောင့် စိုက်ပျိုးရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရန် ရေမြေသဘာဝ စွမ်းအားများ အပြည့်အဝ ဖော်ထုတ်အသုံးချနိုင်ရေးအတွက် စီမံဖြည့်ဆည်းပေးလျက်ရှိသည်။ သီးနှံစိုက် စွမ်းအားနှင့် သီးနှံထွက်စွမ်းအား တိုးမြှင့်နိုင်ရေး အားပေးကူညီနေသည်။ စိုက်ပျိုးရေး နည်းပညာနှင့် မျိုးကောင်းမျိုးသန့်သုံးစွဲရေး လိုအပ်ချက်များကို ခေတ်မီနည်းပညာ၊ သုတေသနစွမ်းအားတို့နှင့် ပေါင်းစပ် ထောက်ကူပေးလျက်ရှိသည်။

ဧရာဝတီတိုင်း၊ ပဲခူးတိုင်းနှင့် ရန်ကုန်တိုင်းတို့သည် ဆန်စပါးအဓိက စိုက်ပျိုးထုတ်လုပ်ရာ ဒေသများဖြစ်၍ တစ်ဧက စပါးအထွက်တိုးရေး၊ ဝါဂွမ်း၊ ကြံ၊ ပဲအမျိုးမျိုးနှင့် ပြောင်း စသည့် သီးနှံများ သီးထပ်သီးညှပ် တိုးချဲ့စိုက်ပျိုးနိုင်ရေး အားသွန်ကြိုးပမ်းကြရမည်ဖြစ်သည်။

စီးပွားရေးတွင် အဓိကအရေးပါသော သစ်တောကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတစ်ဝန်း စိမ်းလန်းစိုပြည်ရေး ရည်မှန်းချက်ဖြင့် ကြိုးပမ်းဖော်ဆောင်နေသည်။ အပူပိုင်းဒေသများ သစ်တောသစ်ပင်များဖြင့် ပြန်လည်စိမ်းလန်းစိုပြည် လျက်ရှိသည်။ သစ်တောများ ပြုစုပျိုးထောင်ရေး၊ သစ်တောထိန်းသိမ်းရေးနှင့် ဂေဟစနစ် တည်တံ့စေရေးတို့ ဟန်ချက်ညီညီ ဖြစ်ထွန်းလာစေရန် ခေတ်မီနည်းပညာများအသုံးပြု၍ ဆက်လက်အားထုတ်ကြရမည် ဖြစ်သည်။

သားငါးကဏ္ဍအနေဖြင့် ဧရာဝတီတိုင်း၊ တနင်္သာရီတိုင်းနှင့် ရခိုင်ပြည်နယ်တို့သည် ငါး၊ ပုစွန်မွေးမြူရေးနှင့် ရေထွက်ပစ္စည်းများ ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်သည့် အခြေခံကောင်းများဖြင့် ပြည့်စုံသည်။ ရေမြေရာသီဥတု အစာအာဟာရတို့နှင့် သဟဇာတဖြစ်စေမည့် မွေးမြူရေးနည်းစနစ်များကို ကျင့်သုံးသင့်သည်။

မွေးမြူရေးလုပ်ငန်းများ စီးပွားဖြစ်လုပ်ကိုင်ရာတွင် ပြည်ပမှ ကြက်၊ ဝက်မျိုးများကို အားကိုးမွေးမြူခြင်းထက် ပြည်တွင်းရှိ မျိုးကောင်းမျိုးသန့်များကို ရှာဖွေဖော်ထုတ်မွေးမြူကြရန် လိုအပ်သည်။

နိုင်ငံ၏ အခြေခံစီးပွားရေး စွမ်းအားစုများတွင် ပါဝင်သည့် လယ်ယာ၊ သစ်တောနှင့် သားငါးကဏ္ဍသုံးရပ်ရှိ သယံဇာတ အရင်းအမြစ်များကို ခေတ်မီနည်းပညာရပ်များနှင့် ပေါင်းစပ်ပြီး အကျိုးရှိရှိ အသုံးချနိုင်ရန် ကြိုးပမ်းကြရမည်။ ရေမြေသဘာဝသယံဇာတများကို အစွမ်းကုန် ဖော်ထုတ်အသုံးပြုနိုင်ခြင်းဖြင့် နိုင်ငံ့စီးပွား ပိုမိုတိုးတက်ဖြစ်ထွန်းလာမည် ဖြစ်ပါသည်။ ။

သက်ရှည်ကျန်းမာဖို့ နေ့စဉ်လမ်းလျှောက်ကြစို့

၁။ ခန္ဓာကိုယ်နှင့် စိတ်ဓာတ်ကြံ့ခိုင်ကျန်းမာလာစေသည်။
၂။ သက်လုံကောင်း၍ အမောခံနိုင်သည်။
၃။ အဆီလျော့ကျ၍ အဝမလွန်အောင် ထိန်းပေးနိုင်သည်။
၄။ ဦးနှောက်နှင့် အာရုံကြောအားကောင်း၍ ဉာဏ်ရည်ထက်မြက်စေသည်။
၅။ ကိုယ်ခံစွမ်းအားမြင့်တက်စေပြီး ရောဂါများကို ကာကွယ်နိုင်သည်။
၆။ အကြောအခြင်အရွတ်များကို ပျော့ပျောင်းစေ၍ လူကို ဖျတ်လတ်ပေါ့ပါးစေနိုင်သည်။
၇။ သွေးလည်ပတ်မှု ကောင်းမွန်ပြီး အိပ်ပျော်စားဝင်စေသည်။
၈။ စိတ်ဖိစီးမှု လျော့နည်းစေ၍ ကြည်လင်လန်းဆန်းစေသည်။
၉။ နေ့စဉ်ပုံမှန်နာရီဝက်ခန့် လမ်းလျှောက်ပေးခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော ဘဝကို ပိုင်ဆိုင်စေသည်။

သို့ဖြစ်ပါ၍ ကိုယ်ရောစိတ်ပါ ကြံ့ခိုင်ကျန်းမာလာစေရန် လူတိုင်းနေ့စဉ်နာရီဝက်ခန့် ပုံမှန်လမ်းလျှောက်ကြပါရန် နှိုးဆော်အပ်ပါသည်။

အားကစားဝန်ကြီးဌာန

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံများဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ အမှူးပြု၍ သဃ်္ဃန်းကျွန်း(က)ရပ်ကွက်တွင် ငမိုးရိပ်၊ ဂျိုးဖြူ မင်္ဂလာရေပိုက်ဖွင့်ပွဲ အခမ်းအနားတွင် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။ (၁၉)

ငမိုးရိပ်၊ ဂျိုးဖြူ မင်္ဂလာရေပိုက်ဖွင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၃၀

သဃ်္ဃန်းကျွန်းမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းက ဦးစီးဆောင်ရွက်ပြီးစီးသည့် နှင်းဆီကုန်း(က)ရပ်ကွက် ငမိုးရိပ်၊ ဂျိုးဖြူ မင်္ဂလာရေပိုက်ဖွင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာပေးအပ်ပွဲ အခမ်းအနားကို ယနေ့ နံနက်က နှင်းဆီကုန်း(က)ရပ်ကွက် ပျဉ်းမမြိုင်လမ်းနှင့် ဇေယျာသုခလမ်းဆုံရှိ မုခ်ဦးရှေ့၌ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံ များဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ် အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့ တက်ရောက်အားပေးကြပြီး မင်္ဂလာရေပိုက်ကို ဖွင့်လှစ်ပေးကြသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် ကော်မတီဝင်များ၊ တာဝန်ရှိသူများ၊ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက် အတွင်းရေးမှူး၊ ခရိုင်၊ မြို့နယ် အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်များ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ရပ်ကွက်နေပြည်သူများ စုံညီစွာ တက်ရောက်ကြသည်။

မင်္ဂလာအချိန် ကျရောက်သည်နှင့် မင်္ဂလာမုခ်ဦးရှေ့တွင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ ရန်ကုန်တိုင်းတာဝန်ခံများဖြစ်ကြသော မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါတို့က မင်္ဂလာဖဲကြိုးဖြတ်ကာ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်လှစ်

ဆက်လက်၍ဗဟိုအလုပ်အမှုဆောင် မြို့တော်ဝန်က မင်္ဂလာ ကမ္ပည်းမော်ကွန်း ကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး မြို့တော်ဝန်၊ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများက အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် မင်္ဂလာရေပိုက်ဖွင့်ပွဲနှင့် အသင်းဝင်အဆိုပြုလွှာ ပေးအပ်ပွဲ အခမ်းအနားကို အမက(၄) ကျောင်းခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းတာဝန်ခံ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းက အမှာစကား ပြောကြားပြီး ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အသင်းဝင်အဆိုပြုလွှာ ၁၁၇၀ ကို မြို့တော်ဝန်က လက်ခံရယူကာ အသင်းဝင်အသိအမှတ်ပြုကတ်ပြားများ ပြန်လည်ပေးအပ်သည်။

အဆိုပါ နှင်းဆီကုန်း(က)ရပ်ကွက်သို့ ငမိုးရိပ်၊ ဂျိုးဖြူ ရေပိုက်ဆက်သွယ်ခြင်းလုပ်ငန်းကို ၂၀၀၆ခုနှစ် ဖေဖော်ဝါရီလမှစတင်ဆောင်ရွက်နိုင်ခဲ့သည်။ ပိုက်အရှည် စုစုပေါင်း ၃၇၃၅၆ ပေဖြင့် ဆက်သွယ်ခဲ့ပြီး ရပ်ကွက်ပြည်သူထည့်ဝင်ငွေ ၄၇၇၈၇၉၁၂ ကျပ်ဖြင့် ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။ (၁၉)

စတုတ္ထအကြိမ် စာပေညီလာခံအား ဂုဏ်ပြုကိုဆို အလှူငွေများ ပေးအပ်လှူဒါန်း

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့၏ စတုတ္ထအကြိမ် စာပေညီလာခံအားဂုဏ်ပြုကိုဆိုသောအားဖြင့်အလှူငွေများကို ပေးအပ်လှူဒါန်းလျက်ရှိရာ စာရေးဆရာမကြီး ဒေါက်တာရီရီလှ (ယုဝတီခင်ဦး) WYZ ကုမ္ပဏီလီမိတက်က ငွေကျပ်နှစ်သိန်း၊ ကန်တော့ခံ စာရေးဆရာမကြီး ဒေါ်သိန်းဆိုင်(မမြတ်လေး)က ငွေကျပ်တစ်သိန်း၊ ကန်တော့ခံ စာရေးဆရာကြီးများဖြစ်ကြသည့် ဦးဟိန်စိုး (ဒဂုန်ကြည်စိုး) နှင့် ဦးအေးနိုင် (မွှေးစရိယ ဦးအေးနိုင်)တို့က ငွေကျပ် ငါးသောင်းစီ၊ တောင်ဥက္ကလာပမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့၊ မင်္ဂလာတောင်ညွန့်မြို့နယ် စာပေနှင့် စာနယ်ဇင်းအဖွဲ့နှင့် စာရေးဆရာ သိပ္ပံမိုးအောင်တို့က ငွေကျပ်တစ်သောင်းစီနှင့် ကန်တော့ခံ စာရေးဆရာကြီး ဦးဆိုက်ကျင်က ငွေကျပ် ငါးထောင်တို့ကို ပေးအပ်လှူဒါန်းကြရာ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင်(သန်းမောင်) နှင့် ဘဏ္ဍာငွေရှာဖွေရေး လုပ်ငန်းကော်မတီဝင်များက လက်ခံကြပြီး ဂုဏ်ပြုလွှာများကို ပြန်လည်ပေးအပ်ကြသည်။

ဆယ်သွယ်လှူဒါန်းနိုင်

အလှူငွေဖြစ်စေ၊ အလှူပစ္စည်းဖြစ်စေ လှူဒါန်းလိုပါက ရန်ကုန်မြို့ အမှတ် (၅၂၉/၅၃၁) ကုန်သည်လမ်းနှင့် (၃၇) လမ်းထောင့်ရှိ စာပေဗိမာန် ဒုတိယထပ် ဖုန်း-၂၅၂၄၁၇ သို့ ဆက်သွယ်လှူဒါန်း နိုင်သည်။

(သတင်းစဉ်)

ဝန်ကြီး ဦးဉာဏ်ဝင်း စာနာထောက်ထားကြောင်း သဝဏ်လွှာပေးပို့

ရန်ကုန် မေ ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး ဦးဉာဏ်ဝင်းသည် အင်ဒိုနီးရှားသမ္မတနိုင်ငံ ဂျဗားကျွန်းတွင် လွန်ခဲ့သော ရက်အနည်းငယ်အတွင်းက ငလျင်လှုပ်ခတ်မှုကြောင့် အသက်အိုးအိမ် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် စာနာထောက်ထားကြောင်း သဝဏ်လွှာကို အင်ဒိုနီးရှားသမ္မတနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာ အင်န်၊ ဟာဆန် ဝီရာယုဒထံသို့ ပေးပို့ခဲ့သည်။ (သတင်းစဉ်)

ယနေ့မိုးလေဝသ

(၃၁-၅-၂၀၀၆)

နေပြည်တော်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

စတုတ္ထအကြိမ် စာပေညီလာခံကို ဂုဏ်ပြုကိုဆိုသောအားဖြင့် စာရေးဆရာမကြီး ဒေါက်တာရီရီလှ (ယုဝတီခင်ဦး) (WYZကုမ္ပဏီလီမိတက်)က အလှူငွေ ကျပ်နှစ်သိန်းကို မြန်မာနိုင်ငံ စာပေနှင့် စာနယ်ဇင်းအဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးသန်းမောင် (သန်းမောင်)ထံ ပေးအပ်လှူဒါန်းစဉ်။

(စာပေနှင့်စာနယ်ဇင်း)

နိုင်ငံတော်၏စီမံကိန်းများအောင်မြင်ရေးအတွက် မီဒီယာနည်းမျိုးစုံဖြင့် ပြည်သူလူထုအားအသိပေး ပြည်တွင်းပြည်ပအဖျက်သမားများကို ပြည်သူ့သဘောထားလေးရပ်နှင့်အညီ ပြည်သူလူထုနှင့်ပူးပေါင်းချေမှုန်း တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုကျစ်လျစ်ခိုင်မာအောင် မီဒီယာလုပ်ငန်းဖြင့် အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရန်ကုန် မေ ၃၀

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မေ ၂၈ရက်နှင့် ၂၉ရက်တို့တွင် မွန်ပြည်နယ်သို့ သွားရောက်၍ ပြန်ကြားရေးလုပ်ငန်းများကို ဆောင်ရွက်ပြီး ပြန်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံကာအမှာစကား ပြောကြားသည်။

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မွန်ပြည်နယ်အတွင်းရှိ ပြန်ကြားရေးဝန်ထမ်းများအား အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မေ ၂၈ရက်တွင် ရန်ကုန်မြို့မှထွက်ခွာလာရာ မွန်းလွဲပိုင်းတွင် မွန်ပြည်နယ် ပေါင်မြို့နယ် မုတ္တမအလင်းပြ စာကြည့်တိုက်သို့ရောက်ရှိ၍ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်လှစ်ထားရှိမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်ချက်များကို မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ညနေ၆နာရီတွင် မော်လမြိုင်မြို့ရှိ မြန်မာ့ရုပ်မြင်သံကြားထပ်ဆင့်လွှင့်စက်ရုံသို့ ရောက်ရှိ၍ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်များသို့ ရုပ်မြင်သံကြားထုတ်လွှင့်ပေးနေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး အစီအစဉ်များ အပြည့်အဝထုတ်လွှင့်ပေးရေး၊ လုံခြုံရေးနှင့်မီးဘေးအန္တရာယ် ကင်းရှင်းရေး၊ စက်ရုံအတွင်း ဓာတ်အားလိုင်းများပြုပြင်ရေး၊ စက်များကြံ့ခိုင်ရေးနှင့် အပျက်အစီးနည်းပါးရေး၊ ဝန်ထမ်းများသီးပင် စားပင်များ စိုက်ပျိုးရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးသည် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ သွားရောက်၍ ပြန်ကြားရေးလုပ်ငန်းဆိုင်ရာများ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်ချက်များကို ဖြည့်စွက်မှာကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ဝန်ကြီးသည် မော်လမြိုင်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနခန်းမ၌ ပြန်ကြားရေးဝန်ထမ်းများနှင့် တွေ့ဆုံပွဲသို့ တက်ရောက်ရာ ရှေးဦးစွာ မွန်ပြည်နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး၊ မော်လမြိုင်ခရိုင်နှင့် သထုံခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနတို့မှ ဦးစီးအရာရှိများ၊ မော်လမြိုင်၊ ချောင်းဆုံ၊ ကျိုက်မရော၊ မုဒုံ၊ သံဖြူဇရပ်၊ ရေး၊ လမိုင်း၊ သထုံ၊ ကျိုက်ထို၊ ဘီးလင်းနှင့် ပေါင်မြို့နယ်တို့မှ မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှူးများ၊ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား မော်လမြိုင် ထပ်ဆင့်လွှင့်စက်ရုံမှူးနှင့် ဝန်ထမ်းများ၊ မြန်မာ့ရုပ်ရှင်လုပ်ငန်း ရုပ်ရှင်လုပ်ငန်းစုဌာနခွဲမှူးနှင့် ဝန်ထမ်းများ၊ မော်ကွန်းရုပ်ရှင် ဌာနစုမှူးနှင့် ဝန်ထမ်းများနှင့် တာဝန်ရှိသူများက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးက အမှာစကား ပြောကြားရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများအနေဖြင့် ၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာရေးနှစ်တွင် နိုင်ငံတော်၏ ကာလတို တတိယငါးနှစ်စီမံကိန်း၏ လမ်းညွှန်ချက်များဖြစ်သော ကုန်ထုတ်လုပ်မှု တိုးတက်မြင့်မားအောင် ဆောင်ရွက်ရေး၊ စက်မှုကဏ္ဍ တိုးတက်မြင့်မားအောင် ဆောင်ရွက်ရေး၊ လျှပ်စစ်စွမ်းအား တိုးတက်ထုတ်လုပ်ရေး၊ စွမ်းအင်ကဏ္ဍ တိုးတက်ထုတ်လုပ်ရေး၊ ကုန်သွယ်မှုတိုးတက်မြင့်မားရေးနှင့် ခြိုးခြံချွေတာရေး စသည့် မူများနှင့်အညီ ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် ၂၀၀၆–၂၀၀၇ ခု ဘဏ္ဍာရေးနှစ်တွင် မိမိတို့အတွက် မူလ လျာထားသော ဝင်ငွေထက် နှစ်ဆရရှိအောင် ရည်မှန်းချက်ထား ဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း။

ငွေလုံးငွေရင်းဖြင့် သုံးစွဲဆောင်ရွက်ရမည့် လုပ်ငန်းများကို ပြန်လည်စိစစ်၍ အမှန်တကယ်လိုအပ်မှသာ ဆောင်ရွက်ရေး၊ သုံးစွဲငွေကို လျာထားသတ်မှတ်ချက်ထက် ၁၅ရာခိုင်နှုန်း ခြိုးခြံချွေတာ သုံးစွဲကြရန် ဖြစ်ကြောင်း။

မိမိတို့ ဝန်ကြီးဌာနသည် ပြည်သူလူထုအား ပြန်ကြားပေးရန်၊ ဖျော်ဖြေပေးရန်၊ ပညာပေးရန် ဆောင်ရွက်နေသည့်ဌာနဖြစ်သဖြင့် နိုင်ငံတော်အစိုးရ၏ စီမံကိန်းများကို သိရှိထားပြီး စီမံကိန်းများ အောင်မြင်ရေးအတွက် မီဒီယာနည်းမျိုးစုံဖြင့် ပြည်သူလူထုအား အသိပေးဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း။

စိုက်ပျိုးမွေးမြူ

ထို့အပြင် ပြည်တွင်းပြည်ပ အဖျက်သမားများက နိုင်ငံတော်အား သုံးဘက်သုံးတန် ညှပ်တိုက်၍ ခေတ်သစ်ကျွန်ပြုနည်းဖြင့် ကျွန်ပြုနိုင်အောင် လုပ်ဆောင်နေမှုများကို ပြည်သူလူထု သိရှိအောင်ချပြပြီး ပြည်သူ့သဘောထားလေးရပ်နှင့်အညီ ပြည်သူလူထုနှင့်အတူ ပူးပေါင်းချေမှုန်းနိုင်အောင် ဆောင်ရွက်ရေး၊ ပြည်ထောင်စုစိတ်ဓာတ်ကို အရင်းခံပြီး တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို ပိုမိုကျစ်လျစ်ခိုင်မာအောင် မီဒီယာလုပ်ငန်းဖြင့် အရှိန်အဟုန်မြှင့် ဆောင်ရွက်ရေး၊ မူဝါဒလမ်းစဉ် (၇)ရပ် အောင်မြင်ရေးနှင့် အမျိုးသားညီလာခံကြီး အောင်မြင်ရေးတို့အတွက်လည်း ပြည်သူလူထုနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်ရေး၊ ဝန်ထမ်းများအနေဖြင့် မိသားစုအလိုက် အသုံးစရိတ်ကို ခြိုးခြံချွေတာပြီး အိမ်နောက်ဖေး ဈေးဆိုင်တည်ဆိုသည့် စကားအတိုင်း တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများကို ဆောင်ရွက်သွားကြရေးတို့ကို မှာကြားသည်။

ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းသည် မေ ၂၉ရက် ညနေပိုင်းတွင် ကျိုက်ထိုမြို့နယ် ကျောက္ကလပ်ကျေးရွာရှိ မိဘဂုဏ်ရည် စာကြည့်တိုက်သို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး စာကြည့်တိုက်ကို ယခုထက်ပိုမို တိုးတက်အောင်ဆောင်ရွက်ရေး၊ စာအုပ်စာစောင်များ တိုးပွားအောင် ဆောင်ရွက်ရေးနှင့် ပရိဘောဂများ ဖြည့်တင်းရေးတို့ကို မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

(သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း မော်လမြိုင်မြို့ရှိ မြန်မာ့ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆေးပညာဆွေးနွေးပွဲ ရက်ပြောင်းရွှေ့မည်

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံဆရာဝန်အသင်း(ဗဟို) အထွေထွေရောဂါကု ဆရာဝန်များ အဖွဲ့က ကြီးမှူး၍ အထွေထွေရောဂါ၊ မိသားစုကျန်းမာရေး စောင့်ရှောက်မှုပညာ စဉ်ဆက်မပြတ်တိုးတက်ရေး ရည်သန်လျက် ပညာရပ်ဆိုင်ရာ ဆွေးနွေးပွဲကို မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)၌ ဇွန် ၁ရက်တွင် ကျင်းပမည့်အစား၊ ဇွန် ၂ရက်သို့ ပြောင်းရွှေ့ပြီး မွန်းတည့် ၁၂နာရီမှ ညနေ ၃နာရီအထိ ကျင်းပမည်ဖြစ်သည်။ ဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသည့် ဆရာဝန်များ တက်ရောက်နိုင်သည်။ (သတင်းစဉ်)

ပုဇွန်တောင်မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ကျင်းပ

ရန်ကုန် မေ ၃၀

ရန်ကုန်အရှေ့ပိုင်းခရိုင် မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့၏ ဦးဆောင်ကြီးကြပ်မှုဖြင့် ပုဇွန်တောင်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းမှ မြို့နယ်လုံးကျွတ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို ပုဇွန်တောင် အထက(၂)တွင် မေ ၃၀ ရက်က ကျင်းပရာ ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့် အဖွဲ့ဝင်များ၊ ပုဇွန်တောင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌနှင့် အသင်းဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ် ဆရာ၊ ဆရာမကြီးများ၊ ကျောင်းသားမိဘများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ခရိုင်မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ်နှင့်အဖွဲ့ဝင်များက ကျောင်းသား၊ ကျောင်းသူကလေးများအား ကျောင်းဝတ်စုံ၊ စာရေးကိရိယာနှင့် ပံ့ပိုးငွေများ ပေးအပ်ကြသည်။ **(ဓါတ်ပုံ)**

ပုဇွန်တောင်မြို့နယ်အတွင်း ၂၀၀၆–၂၀၀၇ ပညာသင်နှစ်တွင် ကျောင်းနေအရွယ် ကလေးများအား ငွေကျပ် ၁၅၂၉၅၀ တန်ဖိုးရှိ ကျောင်းဝတ်စုံများ၊ စာရေးကိရိယာနှင့် ပံ့ပိုးငွေများကို ထောက်ပံ့လှူဒါန်းခဲ့သည်။ (ကြေးမုံ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၁–၅–၂၀၀၆ (ဗုဒ္ဓဟူးနေ့)

- ၇း၀၀ MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ ပေါက်တံတား(ရေပြာ)နှင့် ပေါက်တံတား(အုန်းတော)
- ၇း၁၀ တေးဂီတအစီအစဉ်
- ၇း၁၅ မနိုင်သောအရှုံး (ဟက်ကက်၊ ဇင်ရဲထက်၊ ခိုင်သင်းကြည်) (ဒါရိုက်တာ– အေးဝမ်းမောင်လှမျိုး)
- ၇း၃၀ နိုင်ငံတကာသတင်းအကျဉ်း
- ၇း၃၅ တေးဂီတအစီအစဉ်
- ၇း၄၀ နိုင်ငံတကာအနုပညာရေးရာ
- ၈း၀၅ တေးဂီတအစီအစဉ်
- ၈း၁၀ မှော်ဘီ(၃)စပါးမျိုးသစ် အပေါ်တွင် ကောက်ကွက်ပျိုးသက်စမ်းသပ်မှု
- ၈း၁၅ ပြည်တွင်းသတင်းအကျဉ်း
- ၈း၂၅ Myanmar Video Rhythm
- ၉း၁၅ မိုးလေဝသခန့်မှန်းချက်
- ၉း၂၀ မြန်မာနိုင်ငံသစ်တောကျောင်း
- ၉း၂၅ တေးဂီတအစီအစဉ်
- ၉း၃၀ IT Talk (ဦးမျိုးမြတ်သူ၊ ဦးရဲမြတ်သူ)
- ၁၀း၁၀ ဂီတသံစဉ်အလှဆင်
- ၁၀း၂၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၃၀ တေးဂီတအစီအစဉ်
- ၁၀း၃၅ ရော်ဘာကြိတ်လုံး ထုတ်လုပ်ပုံအဆင့်ဆင့်
- ၁၀း၄၅ တေးဂီတအစီအစဉ်
- ၁၀း၅၀ နှလုံးသွေးကြောကျဉ်း ရောဂါအကြောင်း ဟောပြောချက် အပိုင်း(၁)
- ၁၁း၁၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၂၀ တေးဂီတအစီအစဉ်
- ၁၁း၂၅ အရောင်များထဲမှ အမျိုးသမီးများ
- ၁၁း၄၀ တေးဂီတအစီအစဉ်
- ၁၁း၄၅ အခြေခံဘော်လီဘော ကစားနည်းနည်းစနစ်များ အပိုင်း(၁)
- ၁၂း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၅ နာရီစာ အစီအစဉ်များကို ည ၂၃း၀၀ နာရီအထိ သုံးကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည် ဖြစ်ပါသည်။



စင်ကာပူနိုင်ငံတွင် ခေတ်မီစက်ကိရိယာများ အသုံးပြု၍ ရောဂါရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်နေသည်ကို မေ ၂၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပါကစ္စတန်တွင် ဓာတ်ငွေ့ပိုက်လိုင်းနှစ်လိုင်းဖောက်ခွဲဖျက်ဆီးခံရ

ကွက်တာ(ပါကစ္စတန်) မေ ၂၉

ပါကစ္စတန်နိုင်ငံရှိဓာတ်ငွေ့ထုတ်လုပ်ရာဒေသတွင်စစ်သွေးကြွများ၏လက်ချက်ကြောင့် ဓာတ်ငွေ့ပိုက်လိုင်း နှစ်လိုင်းမီးလောင်ပေါက်ကွဲမှု ဖြစ်ပွားခဲ့သဖြင့် မီးသတ်သမားများက ငြိမ်းသတ်ပေးခဲ့ရကြောင်း၊ ပိုက်လိုင်းပေါက်ကွဲမှုကြောင့် ဓာတ်ငွေ့ပို့လွှတ်မှု ရပ်ဆိုင်းသွားသော်လည်း ဒဏ်ရာရရှိသူမရှိကြောင်း တာဝန်ရှိသူများက မေ ၂၇ ရက်တွင်ပြောကြားသည်။

မေ ၂၆ရက်ညတွင် ဓာတ်ငွေ့ပိုက်လိုင်းဖောက်ခွဲခံရမှုကြောင့်ဘလူချီစတန်ပြည်နယ် အနောက်တောင်ပိုင်းဆူအီမြို့ရှိ ဆိုင်ခန်း ၅၀ခန့် မီးလောင်ခဲ့သည်။ ဓာတ်ငွေ့ပိုက်လိုင်းပေါက်ကွဲရာမြို့သည် ပါကစ္စတန်နိုင်ငံ၏အကြီးဆုံးသောသဘာဝဓာတ်ငွေ့မြေတည်ရှိရာ မြို့ဖြစ်သည်။

မီးလောင်မှုကို အချိန်မီငြိမ်းသတ်နိုင်ခဲ့ကြောင်း၊ ပျက်စီးမှုများကို သိရှိရန်ဖောက်ခွဲခံရသည့်နေရာသို့ အင်ဂျင်နီယာများသွားရောက်ခဲ့ကြောင်း ဒေသဆိုင်ရာရဲတပ်ဖွဲ့က ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

ဓာတ်ငွေ့ပိုက်လိုင်း ပေါက်ကွဲမှုကြောင့် ဓာတ်ငွေ့ပို့လွှတ်မှုများယာယီရပ်ဆိုင်းသွားသည်ဟု ပါကစ္စတန်နိုင်ငံရေနံလုပ်ငန်းလီမိတက်၏ ပြောရေးဆိုခွင့်ရှိသူကပြောကြားသည်။

ပိုက်လိုင်းပေါက်ကွဲမှုကြောင့် ပန်ဂျပ်ပြည်နယ်ရှိဓာတ်အားပေးစက်ရုံအချို့တွင် ဓာတ်ငွေ့ပြတ်တောက်မှုများဖြစ်ခဲ့ကြောင်းဆူအီမြောက်ပိုင်း ဓာတ်ငွေ့ပိုက်လိုင်းကုမ္ပဏီ (အက်စ်အင်ဂျီပီအယ်လ်) တာဝန်ရှိသူများက ပြောကြားသည်။

မကြာမီအချိန်တွင် ပုံမှန်အတိုင်း ဓာတ်ငွေ့ပို့လွှတ်ပေးနိုင်မည်ဖြစ်ကြောင်း အက်စ်အင်ဂျီပီအယ်လ်မှ ဓာတ်အားပို့လွှတ်ရေး အထွေထွေမန်နေဂျာ ကေဒဗလျူရှာရစ်က ပြောကြားသည်။

မီးလောင်မှုကြောင့် အဆိုပါ မြို့စွန်ရှိ ဓာတ်ငွေ့မြေတွင်ပျက်စီးမှုမရှိကြောင်း ၎င်းကပြောဆိုသည်။

စစ်သွေးကြွများသည်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိရေးအတွက် တိုက်ခိုက်မှု ပြုလုပ်လျက်ရှိသည်။ ၎င်းတို့သည် ဓာတ်ငွေ့ပိုက်လိုင်း၊ရထားလမ်းနှင့်ဓာတ်အား ပို့လွှတ်ရေးတိုင်များကို ဖောက်ခွဲမှုပြုလုပ်လေ့ရှိပြီးအစိုးရအဆောက်အအုံများနှင့် စစ်အခြေစိုက် စခန်းများကိုလည်း တိုက်ခိုက်လေ့ရှိသည်။ စစ်သွေးကြွများသည် ယမန်နှစ်က ဒုံးကျည်ဖြင့်တိုက်ခိုက်ခဲ့သဖြင့်လူ ၁၅ဦး သေဆုံးပြီးဆူအီဓာတ်ငွေ့ထုတ်လုပ်ရေးစက်ရုံကို၁ရက်ကြာပိတ်ခဲ့ရသည်။ပါကစ္စတန်နိုင်ငံဓာတ်ငွေ့သုံးစွဲမှု၏ ၄၅ ရာခိုင်နှုန်းကို အဆိုပါဒေသမှရရှိသည်။**အမ်အင်အေ၊ရိုက်တာ။**

ကွာတာနာမိုအကျဉ်းစခန်း၌ ကလေးအကျဉ်းသား ၂၄ ဦးအထိ ရှိနိုင် အခြားအကျဉ်းသားများနည်းတူ နှိပ်စက်ခံနေရ

ဝါရှင်တန် မေ ၂၉

ကျူးဘားနိုင်ငံ ဂွာတာနာမိုပင်လယ်အော်ရှိ အမေရိကန်အကျဉ်းစခန်းတွင် အကျဉ်းချထားဖွယ်ရှိသည့် ကလေး ၂၄ ဦးသည် အရွယ်ရောက်ပြီး အကျဉ်းသားများကဲ့သို့အစစ်ဆေးခံရမှုနှင့်အနှိပ်စက်ခံရမှုတို့ရှိနိုင်ကြောင်း တိုင်းမ်မဂ္ဂဇင်းကတနင်္ဂနွေနေ့တွင်ရေးသားလိုက်သည်။

အကျဉ်းသားများ၏ မွေးသက္ကရာဇ်တိကျမှန်ကန်မှု မရှိသဖြင့် အသက် ၁၈နှစ်အောက်အကျဉ်းသားဦးရေအများအပြားရှိနိုင်သည်ဟု တိုင်းမ်မဂ္ဂဇင်းကဆက်လက်ရေးသားသည်။

၎င်းကလေးအများစု၏ အခြေအနေသည် အနှိပ်စက်ခံရ၊ စစ်ဆေးမေးမြန်းခံရသောလူကြီးအကျဉ်းသားများတွေ့ကြုံရသည့် အခြေအနေနှင့် တူညီသည်ဟု မဂ္ဂဇင်းက ရေးသားသည်။

အသက် ၁၀ နှစ်၊ ၁၂ နှစ်နှင့် ၁၃ နှစ်သာရှိမည်ဟု ယူဆရသည့် အာဖဂန်နိုင်ငံသား အကျဉ်းသား သုံးဦးအပါအဝင် အချို့သော ကလေးအကျဉ်းသားများကို လူကြီးအကျဉ်းသားများနှင့်အတူမထားဘဲ ခွဲခြား၍ သီးသန့်ထားပြီး အားကစားလေ့ကျင့်ရန်နှင့် သင်ခန်းစာပေးရန် ခွင့်ပြုပေးထားသည်ဟုဆိုသည်။

သို့ရာတွင် ၎င်းကလေးအကျဉ်းသားများသည် ကိစ္စအများစုတွင် လူကြီးအကျဉ်းသားများနှင့်မခြား နှိပ်စက်ခံနေရကြောင်း အဆိုပါမဂ္ဂဇင်းက ရေးသားသည်။ အဆိုပါ အကျဉ်းစခန်းမှ အချို့သော ကလေးအကျဉ်းသားများက ၎င်းတို့ ညှဉ်းပန်း အနှိပ်စက်ခံရကြောင်း ရှေ့နေများမှတစ်ဆင့် ပြောကြားကြသည်ဟုဆိုသည်။**အမ်အင်အေ၊ဆင်ဟွာ။**

အင်္ဂလန်နှင့် ဝေလပြည်နယ်တွင် အကြမ်းဖက်မှုများ တိုးပွားလာ

လန်ဒန် မေ ၂၉

ဗြိတိန်နိုင်ငံတွင် ၁၉၉၇ ခုနှစ်အတွင်းက လေဘာပါတီ အာဏာရရှိခဲ့သည့်နောက်ပိုင်းတွင် အင်္ဂလန်နှင့် ဝေလပြည်နယ်တွင် အကြမ်းဖက်သည့် ရာဇဝတ်မှုများ မြင့်မားလာကြောင်း အော့ဗ်ဆာဗားသတင်းစာ၏ လေ့လာချက်အရ သိရှိရသည်။

၁၉၉၇ ခုနှစ်အတွင်း အမျိုးသမီးများကို မတရားကျင့်ခဲ့သည့် ပြစ်မှု ၆၂၈၁ မှုရှိခဲ့ရာမှ ၂၀၀၄-၂၀၀၅ခု အတွင်း ၁၂၈၆၇ မှုအထိ မြင့်မားလာခဲ့ကြောင်း၊ သို့ရာတွင် ၁၉၉၇ ခုနှစ်တွင် မတရားကျင့်မှုဖြင့် ပြစ်ဒဏ်ချမှတ် စီရင်မှု ၉ ဒသမ ၂ ရာနှုန်းရှိခဲ့ရာမှ ၂၀၀၄-၂၀၀၅ ခုနှစ်တွင်၅ ဒသမ ၅ ရာနှုန်းအထိကျဆင်းခဲ့ကြောင်း ဖော်ပြပါ လေ့လာချက်တွင် ပါရှိသည်။

၁၉၉၇ ခုနှစ်တွင် လုယက်မှု ၆၃၀၇၂ မှုရှိခဲ့ပြီး ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၈၈၇၁၀ မှု ရှိခဲ့ကြောင်း၊ ယင်းလုယက်မှုအတွက် ပြစ်ဒဏ်စီရင်မှုသည် ၁၉၉၇ ခုနှစ်တွင် ၁၀ ဒသမ ၂ ရာနှုန်းရှိခဲ့ရာမှ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၈ ဒသမ ၉ ရာနှုန်းအထိ ကျဆင်းခဲ့ကြောင်း အဆိုပါလေ့လာချက်အရ သိရှိရသည်။

၁၉၉၇ ခုနှစ်တွင် အန္တရာယ်ဖြစ်စေသည့် ပြစ်မှုကျူးလွန်သော အမှုပေါင်း ၁၂၅၃၁ မှုရှိခဲ့ရာမှ ၂၀၀၄-၂၀၀၅ ခုနှစ်တွင် ၁၉၄၂၅ မှုအထိ မြင့်တက်ခဲ့ကြောင်း၊ သို့ရာတွင် ယင်းပြစ်မှုအတွက် ပြစ်ဒဏ်စီရင်မှုသည် ၁၉၉၇ ခုနှစ်တွင် ၁၄ ဒသမ ၈ ရာနှုန်းရှိခဲ့ရာမှ ၂၀၀၄-၂၀၀၅ ခုနှစ်အတွင်း ၉ ဒသမ ၇ ရာနှုန်းအထိ ကျဆင်းခဲ့ကြောင်း လေ့လာချက်စစ်တမ်းတွင် ဖော်ပြထားသည်။

အမ်အင်အေ၊ဆင်ဟွာ။



တရုတ်နိုင်ငံတောင်ပိုင်း ကွမ်တုံပြည်နယ် ရှန်ဇန်ပင်လယ်အော်ရှိ ဒါပင်ဆိပ်ကမ်းတွင် သဘာဝဓာတ်ငွေ့ရည်တန် ၆၀၀၀၀ တင်ဆောင်လာသော သင်္ဘောမှ ဓာတ်ငွေ့များ ချပေးနေသည်ကို မေ ၂၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘိုလီးဗီးယားသမ္မတအား ဆန့်ကျင်ရန် ကန်သံအမတ်သွေးထိုးနေ ဗင်နီဇွဲလားသမ္မတချာဗက်ဇ် စွပ်စွဲပြောကြား

တီဝမ်နာကူ(ဘိုလီးဗီးယား) မေ ၂၉

ဘိုလီးဗီးယားနိုင်ငံဆိုင်ရာအမေရိကန်သံအမတ်ကြီးသည်ဘိုလီးဗီးယားသမ္မတအီဗိုမော်ရေးအား စစ်ဘက်က ပုန်ကန်လာစေရန်လှုံ့ဆော်လျက်ရှိကြောင်းဗင်နီဇွဲလားသမ္မတဟူဂိုချာဗက်ဇ်က တနင်္ဂနွေနေ့တွင် စွပ်စွဲပြောကြားလိုက်သည်။

ဘိုလီးဗီးယားနိုင်ငံရှိ အမေရိကန်သံရုံးက သမ္မတအီဗိုမော်ရေး အစိုးရအဖွဲ့အားစစ်ဘက်ကပုန်ကန်လာစေရန်သွေးထိုးလှုံ့ဆော်လျက်ရှိသည်ဟု ချာဗက်ဇ်က တီဝမ်နာကူဒေသတွင် မိန့်ခွန်းပြောကြားရာတွင် ထည့်သွင်းပြောကြားသည်။

ဘိုလီးဗီးယားသမ္မတကို ဆန့်ကျင်ပုန်ကန်မည့် အစီအစဉ်ရှိနေပြီး ယင်းအစီအစဉ်ကိုဘိုလီးဗီးယားရှိ အမေရိကန်သံအမတ်ကြီးက ဦးဆောင်နေကြောင်း ၎င်းက ရုပ်မြင်အစီအစဉ်မှ မိန့်ခွန်းပြောကြားသည်။

အမေရိကန်သံအမတ်ကြီး ဒေးဗစ်ဂရင်လီအား ချာဗက်ဇ်က ယင်းသို့ စွပ်စွဲပြောကြားသည့်ကိစ္စနှင့် ပတ်သက်၍ လာပက်ဇ်မြို့ရှိ အမေရိကန်သံရုံးက ဝေဖန်ပြောကြားမှုမရှိသေးပေ။

ချာဗက်ဇ်က ဘိုလီးဗီးယားနိုင်ငံသို့ အလည်အပတ် သွားရောက်ခဲ့စဉ်က အလားတူ ဝေဖန်ပြောကြားခဲ့သော်လည်း အမေရိကန်သံအမတ်ကြီး ဒေးဗစ်ဂရင်းလီကို တိုက်ရိုက်ရည်ညွှန်းပြောကြားခဲ့ခြင်းမရှိခဲ့ပေ။

ဘိုလီးဗီးယားသမ္မတ မော်ရေးကလည်း ဇန်နဝါရီလတွင် ၎င်းအာဏာရရှိခဲ့ပြီးသည့်နောက်ပိုင်း ၎င်း၏ အစိုးရပြုတ်ကျစေရန် အမေရိကန်က ကြံစည်ခဲ့သည်ဟု စွပ်စွဲပြောကြားခဲ့သည်။

အမ်အင်အေ၊ရိုက်တာ။

ပြင်သစ်ရဟတ်ယာဉ် အိုင်ဗရီကို့စ်၌ ပျက်ကျ

အဘစ်ဂျန် မေ ၂၈

ပြင်သစ်စစ်ရဟတ်ယာဉ်တစ်စင်းသည် အိုင်ဗရီကို့စ်နိုင်ငံ၌ သောကြာနေ့က ပျက်ကျရာ လေယာဉ် အမှုထမ်းနှစ်ဦးအနက် တစ်ဦးသေဆုံးသွားပြီး တစ်ဦးမှာ အပြင်းအထန် ဒဏ်ရာရရှိသွားကြောင်း အိုင်ဗရီကို့စ်နိုင်ငံရှိ ပြင်သစ်တပ်ဖွဲ့က ကြေညာသည်။

ပျံသန်း

ဂါဇယ်လီအမျိုးအစား ရဟတ်ယာဉ်ငယ်သည် အဘစ်ဂျန်မြို့မှ ဘူယာကီမြို့သို့ သယ်ယူပို့ဆောင်ရေးတာဝန်ဖြင့် ပျံသန်းနေစဉ် ဒင်ဘိုကရိုဒေသအနီး လူမနေသော နေရာတစ်နေရာတွင် ပျက်ကျခဲ့ခြင်း ဖြစ်သည်။

ရဟတ်ယာဉ်မှာ လုံးဝပျက်စီးသွားကြောင်း၊ တစ်ဦးသေဆုံးပြီး တစ်ဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း၊ ရဟတ်ယာဉ်ပေါ်တွင် ရဟတ်ယာဉ်မှူးနှင့် တွဲဖက်ရဟတ်ယာဉ်မှူးတို့ လိုက်ပါလာခဲ့ကြောင်း အိုင်ဗရီကို့စ်ရှိ ပြင်သစ်ငြိမ်းချမ်းရေး ထိန်းသိမ်းမှုတပ်ဖွဲ့ ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီး ဖိလစ်ပါရက်က ပြောကြားသည်။

ရဟတ်ယာဉ်ပျက်ကျရခြင်း၏ အကြောင်းရင်းကို လောလောဆယ် မသိရသေးပေ။ **အမ်အင်အေ၊ ရိုက်တာ။**

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် တောင်ကိုရီးယား၌ ထုတ်ဝေသော လှုံ့ဆော်ရေးပိုစတာတွင် ဖော်ပြထားသည့် ရုပ်ရှင်သရုပ်ဆောင်များကို မေ ၂၉ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

သေဆုံးပြီဟုယူဆပြီး စွန့်ပစ်ခံရသော တောင်တက်သမား အသက်ရှင်လျက်တွေ့ရှိ၍ ကယ်တင်ခဲ့ရ

ဆစ်ဒနီ မေ ၂၉

အသက်မရှိတော့ဟု ယူဆသဖြင့် ကမ္ဘာ့အမြင့်ဆုံး ဧဝရက်တောင်ထွတ်အနီးတွင် စွန့်ပစ်ခြင်းခံခဲ့ရသူ ဩစတြေးလျ တောင်တက်သမားမှာ တစ်ညတာရေခဲတောအတွင်းနေခဲ့ရပြီးနောက် တောင်ထိပ်မှဆင်းလာသူ တောင်တက်သမားအချို့က ၎င်းကိုအသက်ရှင်လျက်သား တွေ့ကြရသဖြင့် ကယ်ဆယ်လိုက်ရကြောင်း သတင်းများကဖော်ပြသည်။

ကယ်တင်ခြင်းခံရသူ ဩစတြေးလျလူမျိုးတောင်တက်သမားမှာ အသက်(၅၀)အရွယ် လင်ကွန်းဟောလ်ဆိုသူဖြစ်သည်။ ထောင်ထိပ်မှပြန်ဆင်းလာစဉ် ၎င်းမှာ ဦးနှောက်အမြှေးရောင်ရောဂါကြောင့် သေဆုံးသွားပြီဟု ယူဆသည့်အတွက် ဟောလ်ကို စွန့်ထားခဲ့ခြင်းဖြစ်ကြောင်း တောင်တက်သမားအဖွဲ့ခေါင်းဆောင်အယ်လက်ဇန္ဒားအေဘရာမော့က ဝက်ဘ်ဆိုက် သတင်းတွင် လွှင့်တင်ထားသည်။

သို့ရာတွင် နောက်တစ်နေ့တွင် တောင်ထိပ်မှဆင်းလာသူတစ်စုက ဟောလ်ကို အသက်ရှင်လျက်သား တွေ့ရသည့်အတွက် ၎င်းကိုချက်ချင်းကယ်ဆယ်ခဲ့ကြသည်။

ဟောလ်၏အဖြစ်အပျက်မတိုင်မီကလေးတွင် ဧဝရက်တောင်ထွတ်မှအဆင်း သေဆုံးခဲ့ရသောအဖြစ်တစ်ခု ပေါ်ပေါက်ခဲ့သည်။ထိုစဉ်ကအသက်ဆုံးခဲ့ရသူမှာ ဗြိတိသျှတောင်တက်သမား ဒေးဗစ်ရှပ်ဖြစ်သည်။၎င်းသည်အမြင့် ၈၈၅၀မီတာရှိ တောင်ထွတ်မှဆင်းလာချိန်၌ သေဆုံးခဲ့ခြင်းဖြစ်သည်။

မီတာ ၇၀၀၀ အမြင့်ရှိတောင်စခန်းအရောက်တွင် ဆရာဝန်ကဟောလ်၏ ကျန်းမာရေး အခြေအနေကို စစ်ဆေးကြည့်ရာ ၎င်း၏အခြေအနေမှာ အထူးစိုးရိမ်ရကြောင်း တွေ့ရှိရသည်ဟု ဆိုသည်။ ဟောလ်မှာ နှင်းကိုက်ခံရသော ဝေဒနာနှင့် တောင်အမြင့်တွင် ခံစားရလေ့ရှိသော ဝေဒနာများကို ခံစားနေရကြောင်းသိရသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ကံကောင်းသူ

သေကံမရောက် သက်မပျောက်သူ ဩစတြေးလျနိုင်ငံသား လင်ကွန်းဟောလ်ကို ဧဝရက်တောင်ပေါ်တွင် အသက်ရှင်လျက် ပြန်တွေ့ရ၍ ၎င်းအား တောင်အောက်သို့ သယ်ဆောင်လာသည်ကို မေ ၂၈ရက်ကတွေ့ရစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*



ထိုင်းနှင့်မက္ကဆီကိုတို့အတွက် ဆက်သွယ်ရေး ဂြိုဟ်တုများကို သယ်ဆောင်သွားသော အေရီယာနီ–၅ ဒုံးပျံတစ်စင်းကို ပြင်သစ်ဂူယာနာဂြိုဟ်တုလွှတ်တင်ရေးစခန်းမှ မေ ၂၇ ရက်က လွှတ်တင်လိုက်စဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ထိုင်းနှင့် မက္ကဆီကိုတို့အတွက် ဆက်သွယ်ရေးဂြိုဟ်တုများ လွှတ်တင်

ပါရီ မေ ၂၉

ဥရောပအာကာသအဖွဲ့အစည်းသည် မက္ကဆီကိုနှင့် ထိုင်းနိုင်ငံတို့အတွက် ဆက်သွယ်ရေးဂြိုဟ်တုနှစ်လုံးကို တောင်အမေရိကတိုက်ရှိ ပြင်သစ်ဂူယာနာ အာကာသစခန်းမှ စနေနေ့တွင် လွှတ်တင်လိုက်သည်။

ပြင်သစ်ဂူယာနာဒေသ၏ မြို့တော်ဘေယန်းမှ မိုင် ၄၀ ခန့်အကွာ ကူရူမြို့ရှိ ဥရောပအာကာသစခန်းမှ တန်ချိန် ၁၀ လေးသည့် အေရီယာနီ–၅ အမည်ရှိ ဒုံးပျံကို ညနေ ၆ နာရီ ၁၀ မိနစ်က လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

ကောင်းကင်ယံသို့ အဆိုပါ ဒုံးပျံတက်သွားပြီး ကီလိုမီတာ ၁၄၀၀ အမြင့်အရောက်တွင် ၅ ဒသမ ၇ တန် လေးသည့် မက္ကဆီကို ဆက်တမက်ဂြိုဟ်တုကို ကမ္ဘာ့ပတ်လမ်းကြောင်းအတွင်း လွှတ်တင်ပေးခဲ့သည်။ ငါးမိနစ်အကြာတွင် ထိုင်းကွမ်ဂြိုဟ်တုကို ကမ္ဘာပတ်လမ်းကြောင်းအတွင်းသို့ လွှတ်တင်ပေးခဲ့သည်။

အဆိုပါ ထိုင်းဂြိုဟ်တုသည် အာရှ၊ ပစိဖိတ်၊ ဥရောပနှင့် အာဖရိကဒေသများအတွက် ဆက်သွယ်မှုနှင့် ရုပ်မြင်သတင်းအချက်အလက်များ ထုတ်လွှင့်သွားမည် ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် ကန်ရဟတ်ယာဉ်ပျက်ကျ နှစ်ဦးပျောက်ဆုံးနေ

ဘဂ္ဂဒက် မေ ၂၉

အမေရိကန် မရိန်းတပ်ဖွဲ့ဝင်နှစ်ဦး စီးနင်းလိုက်ပါလာသော ရဟတ်ယာဉ်တစ်စင်းသည် အီရတ်နိုင်ငံအနောက်ပိုင်း အန်ဘာပြည်နယ်တွင် စနေနေ့က ပျက်ကျသွားကြောင်း၊ သို့သော် ရဟတ်ယာဉ်ပျက်ကျရမှုမှာ ပြောက်ကျားတို့၏ ပစ်ခတ်မှုကြောင့်မဟုတ်ကြောင်း အမေရိကန်စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အဆိုပါ ပျောက်ဆုံးနေသူ ကန်မရိန်းတပ်ဖွဲ့ဝင်နှစ်ဦးကို ကယ်ဆယ်ရေးအဖွဲ့က ဆက်လက်ရှာဖွေလျက်ရှိကြောင်း ပြောရေးဆိုခွင့်ရှိသူ ဒုတိယဗိုလ်မှူးကြီးကိုလုတ်ဘရန်ဆေးလ်က ပြောကြားသည်။

ရဟတ်ယာဉ် ပျက်ကျမှုမှာ ရန်သူများ၏ တိုက်ခိုက်မှုကြောင့် မဟုတ်ကြောင်း ၎င်းက ပြောကြားသည်။ ယင်းဖြစ်ရပ်နှင့် ပတ်သက်၍ စုံစမ်းစစ်ဆေးလျက်ရှိသည်။

ကန်မရိန်းတပ်ဖွဲ့ဝင်များ စီးနင်းလိုက်ပါလာသည့် အေအိပ်ချ်–၁ ကော်ဘရာအမျိုးအစား ရဟတ်ယာဉ်မှာ စက်စမ်းသပ်သည့် ခရီးစဉ်ကို ပျံသန်းစဉ် ပျက်ကျရခြင်းဖြစ်ကြောင်း စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

အင်ဒိုနီးရှားနိုင်ငံ ဂျာဗားကျွန်း ဂျော့ဂျ်ဂျာကာတာမြို့တွင် ငလျင်ဒဏ်ကြောင့် ပျက်စီးနေသော အဆောက်အအုံအချို့ကို မေ ၃၀ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ–အင်တာနက်)

အင်ဒိုနီးရှား မြေငလျင်ကြောင့် သေဆုံးသူဦးရေ ၅၄၀၀ ကျော်ရှိပြီ

ဂျော့ဂျ်ဂျာကာတာ(အင်ဒိုနီးရှား) မေ ၂၉

အင်ဒိုနီးရှားနိုင်ငံ ဂျော့ဂျ်ဂျာကာတာ ပြည်နယ်တွင် စနေနေ့က လှုပ်ခဲ့သည့် မြေငလျင်ကြောင့် သေဆုံးရသူ ဦးရေသည် ၅၄၀၀ ကျော်ရှိသွားပြီဖြစ်ကြောင်း အစိုးရအဖွဲ့က တနင်္ဂနွေနေ့တွင် ထုတ်ပြန်သော ကြေညာချက်အရ သိရရသည်။ သေဆုံးသူအများစုသည် အင်ဒိုနီးရှားနိုင်ငံ၏ တောင်ပိုင်းရှိ ဘန်တူမြို့မှဖြစ်ကြပြီး အဆိုပါ ငလျင်လှုပ်မှုကြောင့် လူ ၂၇၀၈ ဦး သေဆုံးခဲ့သည်ဟု လူမှုဝန်ထမ်း ဝန်ကြီးဌာနက ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရှိရသည်။

ယင်းငလျင်ကြောင့် ဂျကာတာပြည်နယ်ရှိ ကလာတင်ဒေသတွင် လူ ၁၂၀၀ ကျော် သေဆုံးခဲ့သည်ဟု သိရသည်။

ငလျင်ကြီးလှုပ်ပြီးသည့် နောက်နှစ်ရက်အတွင်း အသေးစား ငလျင်လှုပ်သည့် အကြိမ်ပေါင်း ၅၀၀ ကျော်ရှိပြီး နောက်ထပ် အင်အားပြင်းထန်သည့် မြေငလျင် လှုပ်ဖွယ်မရှိဟု ဒေသန္တရ ဘူမိရူပဌာနက ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

တရုတ်နှင့် နမီးဘီးယားနိုင်ငံ ရာဇဝတ်မှုများ ပူးပေါင်းနှိမ်နင်းရန် သဘောတူ

ပေကျင်း မေ ၂၉

တရုတ်နိုင်ငံသည် တရားရေးကိစ္စများတွင် နှစ်နိုင်ငံချင်း အပြန်အလှန် အကူအညီပေးရေး စာချုပ်များကို နိုင်ငံပေါင်း ၂၁နိုင်ငံနှင့် စာချုပ်ပေါင်း ၂၁ခုချုပ်ဆိုထားပြီးဖြစ်ကြောင်း တရားရေး ဝန်ကြီးဌာနမှလာသော သတင်းများ အရသိရသည်။

နောက်ဆုံးချုပ်ဆိုသော နှစ်နိုင်ငံချင်း တရားရေးကိစ္စအကူအညီပေးရေးစာချုပ်မှာ နမီးဘီးယား နိုင်ငံနှင့် မေ ၂၆ ရက်က ချုပ်ဆိုသော စာချုပ်ဖြစ်သည်။ ယခုချုပ်ဆိုသော စာချုပ်ကြောင့် အနာဂတ်ကာလတွင် ပူးပေါင်းဆောင်ရွက်နိုင်စရာရှိသည့် တရားဥပဒေစိုးမိုးရေး၊ နယ်စပ်ဖြတ်ကျော် မှုခင်းနှိမ်နင်းရေး စသည့် ကိစ္စများ ဆောင်ရွက်ရာတွင် အရေးပါသော အခြေခံများ ရရှိလာမည်ဖြစ်သည်ဟု နိုင်ငံတော် ကောင်စီဝင် ဖောင်ယောင်ကန်က ပြောကြား သည်။

ဖော်ပြပါစာချုပ်ကို နမီးဘီးယားနိုင်ငံရှေ့နေချုပ် ပင်ဒူကီနီ လီဗူလာ အီသာနာနှင့် တရုတ်ဥဇ္ဇသည်တော်တို့တွေ့ဆုံစဉ် ချုပ်ဆိုခဲ့ကြခြင်းဖြစ်သည်။ ၁၉၉၃ခုနှစ် နောက်ပိုင်းကာလများမှစ၍ တရုတ်နိုင်ငံသည် ပြည်ပနိုင်ငံများနှင့် တရားခံလွှဲပြောင်းပေးရေးစာချုပ်ပေါင်း ၂၀ ကျော်ကို ချုပ်ဆိုခဲ့သည်။

ဧပြီ ၁၉ ရက်တွင် တရုတ်နိုင်ငံသည် စပိန်နိုင်ငံနှင့် တရားခံလွှဲပြောင်းပေးရေး စာချုပ်ကို ချုပ်ဆိုနိုင်ခဲ့သည်။ ထိုစာချုပ်သည် ဖွံ့ဖြိုးပြီးနိုင်ငံတစ်နိုင်ငံနှင့်ဖော်ပြပါကိစ္စများကို ပထမဦးဆုံး ချုပ်ဆိုနိုင်ခဲ့ခြင်းဖြစ်သည်။ ထိုစာချုပ်များသည် တရုတ်နိုင်ငံက ကမ္ဘာ့နိုင်ငံများနှင့် ဥပဒေရေးရာကိစ္စများတွင် ကွန်ရက်တစ်ရပ် ချိတ်ဆက်ထူထောင်ထားနိုင်ရေး ကြိုးပမ်းမှု၏ အစိတ်အပိုင်းတစ်ရပ်ပင်ဖြစ်သည်။ နောင်တွင် ထိုစာချုပ်များ၏ အကူအညီဖြင့် တရုတ်နိုင်ငံမှ တိမ်းရှောင်သွားသည့် တရားခံများကို ဖမ်းဆီးနိုင်မည်ဟု ဆိုသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ကြေးမုံ The Mirror
နိုင်ငံတကာ သတင်းများ

● **ရှေ့ဖုံးမှ**

ရှေးဦးစွာ ဖွင့်ပွဲအခမ်းအနားကို အဆိုပါ အဆောက်အအုံရှေ့၌ ကျင်းပရာ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nobutake Odano၊ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌဦးစံသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်စိန်တို့က

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nobutake Odano **က အဆောက်အအုံ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားစဉ်။** (သတင်းစဉ်)

အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

အမှာစကားပြောကြား

ထို့နောက် အဆောက်အအုံလွှဲပြောင်း ပေးအပ်ပွဲ အခမ်းအနားကို အဆောက်အအုံ ပထမထပ်၌ ကျင်းပရာ မြန်မာနိုင်ငံ မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ဥက္ကဋ္ဌ၊ ပြည်ထဲရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးက အမှာစကားပြောကြားရာတွင် ယခုအဆောက်အအုံကို လွှဲပြောင်းလက်ခံရယူမည့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းသည် ၁၉၉၄ ခုနှစ် ဇွန် ၂၆ ရက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါး အလွဲသုံးမှုနှင့် တရားမဝင် သယ်ဆောင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့တွင် စတင်ဖွဲ့စည်းခဲ့သည့် အစိုးရမဟုတ်သော စေတနာ့ဝန်ထမ်းအဖွဲ့အစည်းတစ်ခု ဖြစ်ပါကြောင်း။

လူသားမျိုးနွယ်တစ်ရပ်လုံးကို ခြိမ်းခြောက်နေသည့် မူးယစ်ဆေးဝါးအန္တရာယ်ကို ကမ္ဘာ့နိုင်ငံအသီးသီးက အင်တိုက်အားတိုက် တိုက်ဖျက်နေရာတွင် အစိုးရမဟုတ်သည့် စေတနာ့ဝန်ထမ်း အဖွဲ့အစည်းများကလည်း တတ်နိုင်သည့်ဘက်က ပါဝင်ကူညီဆောင်ရွက်လျက်ရှိပါကြောင်း။

အလားတူပင် ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ မူးယစ်ဆေးဝါး ပပျောက်ရေး နည်းဗျူဟာသုံးရပ်ထဲက မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေး ကဏ္ဍတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းအနေနှင့် ပါဝင်ပူးပေါင်း ဆောင်ရွက်လာသည်မှာ လာမည့် ၂၀၀၆ ခုနှစ် ဇွန် ၂၆ ရက်တွင် ၁၂ နှစ် တင်းတင်းပြည့်တော့မှာ ဖြစ်ပါကြောင်း၊ အသင်းအနေနှင့်လည်း ပူးပေါင်းဆောင်ရွက်နေသည့်အတွက် ၂၀၀၅ ခုနှစ် ဒီဇင်ဘာလတွင် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းက အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့သည့် 14th IFNGO ASEAN NGOs Workshop ကျင်းပရေးတွင်လည်း မူးယစ်ဗဟိုအဖွဲ့အနေနှင့် လိုအပ်သည့် လမ်းညွှန်မှုများအပြင် ပါဝင်ကူညီဆောင်ရွက် ပေးခဲ့သည့်အတွက် အောင်အောင်မြင်မြင် ကျင်းပနိုင်ခဲ့ပါကြောင်း။

ထို့ကြောင့် ယခုကဲ့သို့ မြန်မာနိုင်ငံ၏ မူးယစ်ဆေးဝါး ပပျောက်ရေး

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nobutake Odano **က အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း ဥက္ကဋ္ဌ ဦးစံသိန်းထံ လွှဲပြောင်းပေးအပ်စဉ်။** (သတင်းစဉ်)

ဆောင်ရွက်ချက်များထဲတွင် ပါဝင်ကူညီ ဆောင်ရွက်နေသည့် စေတနာ့ဝန်ထမ်း လူမှုရေးအသင်းကြီးဖြစ်သည့် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေး အသင်းကြီး ဆတက်ထမ်းပိုး တိုးချဲ့ဖွဲ့စည်းနိုင်အောင်၊ မူးယစ်ဆေးဝါးသုံးစွဲမှု လျှော့ချရေးလုပ်ငန်းများတွင် အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက် နိုင်အောင် ပူးပေါင်းပါဝင် ကူညီဆောင်ရွက်ပေးကြပါဟု တိုက်တွန်း လိုပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာဂျပန်နိုင်ငံသံအမတ်ကြီး H.E. Mr. Nobutake Odano က အဆောက်အအုံ လှူဒါန်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် အဆောက်အအုံနှင့် ပတ်သက်သည့် စာရွက်စာတမ်းများကို သံအမတ်ကြီးက ဥက္ကဋ္ဌ ဦးစံသိန်းသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် အဆောက်အအုံလွှဲပြောင်းပေးအပ်သည့် အထိမ်းအမှတ် အလံကို ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ဝန်ကြီး ဗိုလ်ချုပ်မောင်ဦးနှင့် သံအမတ်ကြီးတို့ထံ ဥက္ကဋ္ဌ ဦးစံသိန်းက ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစံသိန်းက ကျေးဇူးတင်စကား ပြန်လည်ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ရန်ကုန်မြို့ ကမာရွတ်မြို့နယ် ကျွန်းတောလမ်း မူးယစ်ဆေးဝါး ပပျောက်ရေး အထိမ်းအမှတ် ပြတိုက်အနီးရှိ မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း မူးယစ်ဆေးစွဲမှု နှစ်သိမ့်ဆွေးနွေးရေးနှင့် သင်တန်း အဆောက်အအုံသစ်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ ဂျပန်နိုင်ငံ သံအမတ်ကြီး H.E. Mr. Nobutake Odano၊ **မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းဥက္ကဋ္ဌ ဦးစံသိန်းနှင့် ဒုတိယဥက္ကဋ္ဌ ဒေါက်တာကျော်စိန်တို့ မူးယစ်ဆေးစွဲမှု နှစ်သိမ့်ဆွေးနွေးရေးနှင့် သင်တန်း အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။** (သတင်းစဉ်)

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေနှင့် အဖွဲ့ဝင်များနှင့် သံအမတ်ကြီးတို့သည် မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်း လှုပ်ရှားမှု မှတ်တမ်းတင်ဓာတ်ပုံများအား လှည့်လည်ကြည့်ရှု စစ်ဆေးကြသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းသည် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအတွက် —

၂၀၀၅ ခုနှစ် ဒီဇင်ဘာလအထိ တိုင်းအဆင့် တစ်သင်း၊ ခရိုင်အဆင့် ခုနစ်သင်း၊ မြို့နယ်အဆင့် ၅၈ သင်းကို မူးယစ်ဗဟိုအဖွဲ့နှင့် သက်ဆိုင်ရာ ပြည်နယ်၊ တိုင်း၊ ခရိုင်၊ မြို့နယ် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေး အဖွဲ့များ၏ ကူညီပံ့ပိုးမှုဖြင့် ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့ပါကြောင်း။

မြန်မာနိုင်ငံ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းသည် မူးယစ်ဆေးဝါးသုံးစွဲမှု ပပျောက်ရေးအတွက် ကျောင်းသားလူငယ်ထုနှင့် ပြည်သူလူထုကို မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးရေးလုပ်ငန်း ဆောင်ရွက်နေရာတွင် ပြည်တွင်းမှာသာမက နိုင်ငံတကာ အဖွဲ့အစည်းများနှင့်ပါ

ဩဝါဒခံယူပွဲနှင့် အလှူငွေပေးအပ်ပွဲကျင်းပမည်

ရန်ကုန် မေ ၃၀

အိန္ဒိယနိုင်ငံဆိုင်ရာ ပညာသင်မြန်မာရဟန်းတော်များ သာသနာဖွံ့ဖြိုးရေးအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူပွဲနှင့် အလှူငွေပေးအပ်လှူဒါန်းပွဲ အခမ်းအနားကို ရန်ကုန်တိုင်း ပန်းဘဲတန်းမြို့နယ် မဟာသိမ်တော်ကြီး ပရိယတ္တိစာသင်တိုက်၌ ဇွန် ၈ ရက် (၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက်) (ကြာသပတေးနေ့) မွန်းတည့် ၁၂ နာရီတွင် ကျင်းပမည်ဖြစ်ရာ အဖွဲ့ဝင် ရဟန်းတော်များ ကြွရောက်ကြရန် ပင့်ဖိတ်ထားသည်။

ပညာသင် မြန်မာရဟန်းတော်များအတွက်နှင့် အဖွဲ့ပိုင်ကျောင်းဆောက်လုပ်ရန် လှူဒါန်းပြီးသူများနှင့် လှူဒါန်းလိုသည့် စေတနာရှင်များ ကြွရောက်၍ လှူဒါန်းပူဇော်နိုင်ပါကြောင်းနှင့် အရှင်ဥက္ကဋ္ဌ (မဂဓ) ဖုန်း-၃၇၀၉၆၁၊ ဒေါက်တာအရှင်သောပါက ဖုန်း-၇၀၁၄၃၄၊ ဦးရာဇိန္ဒ(နာလန္ဒာ) ဖုန်း-၀၉၅၁၀၉၄၂၅၊ ၅၂၇၇၄၆၊ ဦးသိန်းထူးအေး(မြောက်ဥက္ကလာ) ဖုန်း-၆၉၉၂၆၀ တို့ထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (ကြေးမုံ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၁-၅-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	ကျန်းမာရွှင်လန်းယောဂအစွမ်း
၇း၁၅	၄။	မျိုးချစ်တပ်မတော်
၇း၂၀	၅။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၆။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၇။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၈။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၁၀။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၁၀	၃။	ကျန်းမာရွှင်လမ်းယောဂအစွမ်း
၄း၁၅	၄။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄း၃၀	၅။	လက်စွမ်းပြပဟန်ဂီတသံ
၄း၄၀	၆။	ရင်မှာစွဲလန်းတော်ဝင်ပန်း
၄း၅၀	၇။	မျိုးချစ်တပ်မတော်
၅း၀၀	၈။	ကျန်းမာကြံ့ခိုင်ဒို့နိုင်ငံ
၅း၁၅	၉။	ရင်ခုန်စီးဆင်းအချစ်သီချင်း
၅း၂၅	၁၀။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၀	၁၁။	သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၁၂။	မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၃။	နိုင်ငံတကာသတင်း
၆း၂၀	၁၄။	မိုးလေဝသသတင်း
၆း၂၅	၁၅။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆း၄၀	၁၆။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၇။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း-၄၆)**
၈း၀၀	၁၈။	မြဝတီရုပ်မြင်သံကြားသတင်း
	၁၉။	ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၂၀။	**English Usage**
	၂၁။	ဗွီစီဒီကျော်ကြားတေးများ
	၂၂။	ယနေ့ညအတွက် မြဝတီ၏ တေးလက်ဆောင်
	၂၃။	**ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "လက်မတင်ကလေး" (အပိုင်း-၈)**
	၂၄။	သင့်အတွက်မနက်ဖြန်
	၂၅။	အပိတ်နှုတ်ဆက်စကား
	၂၆။	ပြီးပါပြီ။

လှူဒါန်း

မင်္ဂလာတောင်ညွန့်မြို့နယ် ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကို မေ ၃၀ ရက်က အထက(၁)ကျောင်းခန်းမတွင်ကျင်းပရာ ရပ်ကွက် ၂၀ မှ ဥက္ကဋ္ဌများနှင့် မြို့နယ်မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းတို့မှ စာရေးကိရိယာ၊ ကျောင်းသုံးပုံနှိပ်စာအုပ်နှင့် ကျောင်းဝတ်စုံများဝယ်ယူရန် လှူဒါန်းငွေကျပ် ၇၁၀၀၀၀ ကို မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နန်းထွေးခိုင်နှင့် တွဲဖက်အတွင်းရေးမှူး ဒေါ်ဌေးဌေးရှိန်တို့က မြို့နယ်ပညာရေးမှူး ဦးဝင်းရှိန်နှင့် အထက(၁) ကျောင်းအုပ်ဆရာကြီး ဦးလှသောင်းတို့ထံ ပေးအပ်စဉ်။ (၃၂)

သစ်ပင်စိုက်ပါ
ဒို့ကမ္ဘာ
သာယာလှပ
စိမ်းမြမြ

မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါ လူတွင် ကူးစက်ခြင်းမရှိဘဲ နိုင်ငံတော်အနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါကို အောင်မြင်စွာထိန်းချုပ်နိုင်

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့တွင် ကျင်းပသည့် (၅၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

❒ **နိုင်ငံတကာမှ**

ဖွံ့ဖြိုးမှုပန်းတိုင်များ (Millennium Development Goals) ပြည့်မီစေရန် ဘက်ပေါင်းစုံက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ယခုနှစ် ကမ္ဘာ့ကျန်းမာရေးညီလာခံ၏ ဦးတည်ချက်ဖြစ်သော (Working Together or Wealth) အတိုင်း ကြိုးပမ်းဆောင်ရွက်မှုများကို အပြည့်အဝထောက်ခံပါကြောင်း၊ ၂၀၀၆ ခုနှစ်အတွင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင် နိုင်ငံအချို့၌ ကြက်ငှက်တုပ်ကွေးရောဂါဖြစ်မှု တွေ့ကြုံခဲ့ရကြောင်း၊ သို့ရာတွင် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ကျွမ်းကျင်မှုအကူအညီနှင့် ထိရောက်စွာ စီမံခန့်ခွဲမှုကြောင့် ကြက်ငှက်တုပ်ကွေးရောဂါကို ထိန်းချုပ်မှုရရှိခဲ့ပါကြောင်း၊ မြန်မာနိုင်ငံတွင် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားမှုမှာ ၂၀၀၆ ခုနှစ် မတ်လတွင် ဖြစ်ပွားခဲ့သော်လည်း လူတွင်ကူးစက်ခြင်း မရှိခဲ့ကြောင်း၊ နိုင်ငံတော်အနေဖြင့် ကြက်ငှက်တုပ်ကွေးရောဂါကို အောင်မြင်စွာ ထိန်းချုပ်နိုင်ခဲ့ကြောင်း၊ National Avian Influenza Prevention and Pandemic Preparedness Plan ကို ရေးဆွဲပြီး အကောင်အထည်ဖော်လျက် ရှိကြောင်း၊ ရောဂါဖြစ်ပွားမှု စုံစမ်းထောက်လှမ်းခြင်းနှင့် လူသို့ ရောဂါကူးစက်ဖြစ်ပွားလာပါက ထိရောက်စွာ ကုသမှုပေးနိုင်ရန် ကြိုတင်စီစဉ် ဆောင်ရွက်ထားပြီးဖြစ်ကြောင်း၊ ရောဂါကြိုတင်ကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများအတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများနှင့် ပိုမိုပူးပေါင်း ဆောင်ရွက်လျက်ရှိပါကြောင်း၊ ရောဂါဖြစ်ပွားလာပါက ဆောင်ရွက်မည့် အစီအမံများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရန် ပြင်ဆင်ထားပြီးဖြစ်ကြောင်း၊ နိုင်ငံတကာ ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များ (International Health Regulation) ကို မြန်မာနိုင်ငံက အပြည့်အဝ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကြက်ငှက်တုပ်ကွေးရောဂါ၊ ကူးစက်မြန်ပြင်းထန် နမိုးနီးယား(အဆုတ်ရောင်)ရောဂါနှင့် အခြားကူးစက်ရောဂါများကို တစ်နိုင်ငံမှတစ်နိုင်ငံသို့ ကူးလူးဆက်ဆံခြင်းကြောင့် ကူးစက်ပြန့်ပွားမှုမရှိစေရန် လေဆိပ်၊ ရေဆိပ်နှင့် နယ်စပ်ဂိတ်များ၌ စုံစမ်းထောက်လှမ်းမှုများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံ ခုခံအားကျဆင်းမှု ကူးစက်ရောဂါ တိုက်ဖျက်ရေးလုပ်ငန်းများတွင် ကျန်းမာရေးဝန်ကြီးဌာန၊ နီးနွယ်ဝန်ကြီးဌာနများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ကုလသမဂ္ဂ ခုခံအားကျဆင်းမှုရောဂါ တိုက်ဖျက်ရေးအစီအစဉ် (UNAIDS)တို့ ပူးပေါင်း၍ National Strategic Plan for HIV/AIDS (၂၀၀၆–၂၀၁၁)ကို ရေးဆွဲ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဌာန တစ်ခုတည်းသာမက အခြားနီးနွယ်ဌာနများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပြည်တွင်းပြည်ပ လူမှုရေးအဖွဲ့အစည်းများ၊ အလှူရှင် အဖွဲ့အစည်းများ ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်မည်ဆိုပါက ထိရောက်မှုရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ကျန်းမာရေးကဏ္ဍ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးရေးလုပ်ငန်းများကို အလေးထား ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ကျန်းမာရေးလုပ်ငန်းများတွင် အဓိက ပါဝင်ဆောင်ရွက်မည့် ဆရာဝန်၊ သူနာပြု၊ ကျွမ်းကျင်ဝန်ထမ်းများ၏ အရည်အသွေး ပိုမိုပြည့်ဝစေရန် အရေးကြီးပါကြောင်း၊ ပြည်သူ့ကျန်းမာရေး တက္ကသိုလ်(Public Health School) ကို မကြာမီ ဖွင့်လှစ်နိုင်မည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂထောင်စုနှစ် ဖွံ့ဖြိုးမှုပန်းတိုင်များနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ဦးတည်ချက်များ ပြည့်မီစေရန် ပြည်တွင်းပြည်ပ စွမ်းအားစုများ စုစည်း၍ စနစ်တကျ စီမံချက်များ ချမှတ်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ထည့်သွင်းပြောကြားခဲ့သည်။

ဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၄ရက်တွင် ကမ္ဘာ့ကျန်းမာရေးညီလာခံနှင့် ကော်မတီ(အေ)နှင့် ကော်မတီ(ဘီ) အစည်းအဝေးများသို့ ပါဝင်တက်ရောက်ခဲ့သည်။

မေ ၂၅ရက်တွင် ကျင်းပသော ကော်မတီ(အေ) အစည်းအဝေး၌ မျက်မမြင်နှင့် မျက်ခမ်းစပ်ရောဂါတိုက်ဖျက်ရေးလုပ်ငန်း၊ ကလေးငယ်များ၏ အာဟာရဖွံ့ဖြိုးရေး အစီအစဉ်နှင့် လူငယ်လူရွယ်များအတွင်း ကျန်းမာရေးအသိပညာ ပိုမိုမြှင့်တင်ရေး လုပ်ငန်းများကို လည်းကောင်း၊ ကော်မတီ(ဘီ)အစည်းအဝေး၌ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝင်နိုင်ငံများ၏ ၂၀၀၆–၂၀၁၅ ခုနှစ်အတွင်း အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျန်းမာရေးလုပ်ငန်း စီမံချက်များကို ဆွေးနွေးခဲ့ရာ ဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့သည်။

မေ ၂၆ရက်တွင် (၅၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံကို ဆက်လက်ကျင်းပရာ ဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့ ပါဝင်တက်ရောက်ခဲ့ပြီး ကော်မတီ(အေ)နှင့် ကော်မတီ(ဘီ) အစည်းအဝေးမှ ဆွေးနွေးဆုံးဖြတ်ချက်များကို ညီလာခံသဘာပတိက အတည်ပြုမှတ်တမ်းတင်သည်။

ဝန်ကြီးသည် မွန်းလွဲပိုင်းတွင် နိုင်ငံတကာ အနာကြီးရောဂါ ပပျောက်ရေးဆိုင်ရာ နီးနှောဖလှယ်ပွဲသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံသည် ၂၀၀၃ ခုနှစ် ဖေဖော်ဝါရီ ၆ ရက်တွင် အနာကြီးရောဂါပပျောက်သော နိုင်ငံတစ်နိုင်ငံအဖြစ် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က အတိအလင်း ကြေညာခဲ့ပြီးဖြစ်ပါကြောင်း၊ အနာကြီးရောဂါတိုက်ဖျက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရနှင့် အမျိုးသားကျန်းမာရေးကော်မတီ ဦးဆောင်မှုနှင့်အညီ နိုင်ငံတစ်ဝန်းလုံး၌ ပြည်သူလူထု ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းကြောင့် ယခုကဲ့သို့ အသိအမှတ်ပြုခြင်းခံခဲ့ရကြောင်း၊ ယင်းသို့ဆောင်ရွက်ရာတွင် နိုင်ငံတကာ လူမှုရေးအဖွဲ့အစည်းများ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့၊ ဂျပန်နိုင်ငံ Sasakawa Memorial Health Foundation ကဲ့သို့သော အဖွဲ့အစည်းများက ဆေးဝါးများနှင့် ကျွမ်းကျင်မှု အကူအညီများရရှိခဲ့ပြီး ကြိုးပမ်းဆောင်ရွက်နိုင်ခဲ့ခြင်းကြောင့် အနာကြီးရောဂါ ပပျောက်ကင်းစင်သော နိုင်ငံတစ်နိုင်ငံအဖြစ်ရောက်ရှိခဲ့ပါကြောင်း၊ ဆက်လက်၍ အနာကြီးရောဂါသည်များအား စုံစမ်းထောက်လှမ်းခြင်းနှင့် ကုသရေးလုပ်ငန်းကို ဆက်လက်ဆောင်ရွက်လျက်ရှိပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ဝန်ကြီးခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် မေ ၂၇ရက် မွန်းလွဲပိုင်းတွင် ကျင်းပသော (၅၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံ ပိတ်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ရာ သဘာပတိ မိုဇမ်ဘစ်နိုင်ငံ ကျန်းမာရေးဝန်ကြီးက နိဂုံးချုပ်မိန့်ခွန်းပြောကြားပြီး ညီလာခံအောင်မြင်စွာ ကျင်းပပြီးစီးသွားသည်။

ဝန်ကြီးသည် ဂျီနီဗာမြို့၌ ရောက်ရှိနေစဉ် မလေးရှားနိုင်ငံ ကျန်းမာရေးဝန်ကြီး H.E. Dr. Chua Soi Leti နှင့် လည်းကောင်း၊ ဘူတန်နိုင်ငံ ကျန်းမာရေးဝန်ကြီး H.E. Mr. L.S. Singay နှင့်လည်းကောင်း သီးခြားစီ တွေ့ဆုံ၍ နှစ်နိုင်ငံ အကျိုးတူ ကျန်းမာရေးကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု အစီအစဉ်များကို ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့အပြင် ဝန်ကြီးသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Dr. Samlee Plienbung Chang ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ်၏ ကိုယ်စားလှယ်များဖြစ်ကြသော Dr. Tomris Turmen နှင့် Dr. David Heymann ၊ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ချုပ် တီဘီရောဂါတိုက်ဖျက်ရေး ညွှန်ကြားရေးမှူး Dr. Mario Raviglione၊ တိုင်းရင်းဆေးပညာ ဖွံ့ဖြိုးရေးအစီအစဉ် ညွှန်ကြားရေးမှူး Dr. Xiaorui Zhang ၊ အပူပိုင်းဒေသ ရောဂါများ တိုက်ဖျက်ရေးဌာနအဖွဲ့ခေါင်းဆောင် Dr. Denis Daumerie ၊ ဂျပန်နိုင်ငံ Sasakawa Foundation ဥက္ကဋ္ဌ Mr. Yohei Sasakawa ၊ နိုင်ငံတကာ တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း ရန်ပုံငွေအဖွဲ့ အမှုဆောင်ညွှန်ကြားရေးမှူး Dr. Jalian Lob Levyt၊ ဂျီနီဗာမြို့ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီကော်မတီမှ Delegate-General Mr. Reto Meisto တို့နှင့်လည်း သီးခြားစီ တွေ့ဆုံ၍ မြန်မာနိုင်ငံ ကျန်းမာရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေမှုများကို ဆွေးနွေးညှိနှိုင်းခဲ့သည်။

ဝန်ကြီး ဒေါက်တာကျော်မြင့်သည် (၅၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်ခဲ့ပြီးနောက် မေ ၂၉ရက် ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိလာရာ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ကျန်းမာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်မြို့ရှိ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ဌာနေကိုယ်စားလှယ် Professor, Adik Wibowo နှင့် ဆွေမျိုးမိတ်သင်္ဂဟများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ဝင်များအဖြစ် လိုက်ပါသွားကြသော ကျန်းမာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာတင်ဝင်းမောင်၊ ဆေးသိပ္ပံပညာဦးစီးဌာန ခေတ္တညွှန်ကြားရေးမှူးချုပ် ဒေါက်တာသန်းမြင့်၊ ကျန်းမာရေးဦးစီးဌာန တိုးချဲ့ကာကွယ်ဆေးထိုးလုပ်ငန်း စီမံချက်မန်နေဂျာ ဒေါက်တာသန်းထိုက်ဝင်းနှင့် ကျန်းမာရေးဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူး (နိုင်ငံခြားဆက်သွယ်ရေး) ဦးသက်လွင်တို့ ပြန်လည်လိုက်ပါလာကြသည်။(သတင်းစဉ်)

✳ ကျောဖုံးမှ

နံနက်ပိုင်းတွင် တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ်(မြောက်ပိုင်း)လားရှိုးမြို့ မိုင်းယော်ကားလမ်းဘေးရှိ ဗလမင်းထင်ကုမ္ပဏီ၏ ကုန်းမြင့်သာမြေဧက ၅၀၀၀ ဖော်ထုတ်ရေးစီမံကိန်းသို့ရောက်ရှိလာပြီး တာဝန်ခံ ဦးခင်မောင်မြင့်က ဗလမင်းထင်ကုမ္ပဏီ အုန်းဆံပင်၊ နာနတ်၊ ပျားလိမ္မော်စုစုပေါင်းဧက ၁၀၀၀ကျော် စိုက်ပျိုးပြီးစီးနေမှုကို ရှင်းလင်းတင်ပြရာ တိုင်းမှူး၊ ဝန်ကြီးတို့က လိုအပ်သည်များကို ညှိနှိုင်းပေါင်းစပ်ပေးပြီး မွေးမြူရေးလုပ်ငန်းများကိုပါ တိုးချဲ့ဆောင်ရွက်သွားရန် ဆွေးနွေးမှာကြားသည်။

ဆက်လက်၍ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် ဗလမင်းထင်ကုမ္ပဏီနှင့် ပူးပေါင်းဆောင်ရွက်မည့် စိန်ဝတ်မှုန်ကုမ္ပဏီ၊ လူငယ်အားမာန်ရော်ဘာခြံလုပ်ငန်း (ဝိန်းထန်ဒေသ)သို့ရောက်ရှိလာရာ တာဝန်ခံဦးမောင်မြင့်က ရော်ဘာခြံ စိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြရာ တိုင်းမှူးနှင့် ဝန်ကြီးတို့က ရော်ဘာကို တိုးချဲ့စိုက်ပျိုးရန်နှင့် တစ်ဖက်တစ်လမ်းမှ မွေးမြူရေးလုပ်ငန်းများကိုလည်း ဆောင်ရွက်သွားရန် အားပေးမှာကြားသည်။

အဆင့်မြင့်ဝက်မွေးမြူရေးခြံ

ထို့နောက် တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့သည် လားရှိုးမြို့ မိုင်းယော်ကားလမ်းဘေးရှိ မွေးမြူရေးအစားအစာနှင့် နို့ထွက်ပစ္စည်းလုပ်ငန်း လားရှိုးအဆင့်မြင့်ဝက်မွေးမြူရေးခြံသို့ ရောက်ရှိလာရာ ရှေးဦးစွာ ခြံမန်နေဂျာ ဒေါက်တာဆွေလွင်၏ ရှင်းလင်းတင်ပြချက်များကို တိုင်းမှူးနှင့် ဝန်ကြီးတို့က လစဉ်ကောင်ရေ ၅၀၀ သားပေါက်/အစားထိုး ရောင်းချပေးနေခြင်းကို ဆက်လက်ဆောင်ရွက်ရန်၊ ရောဂါကင်းရှင်းရေးနှင့် Biosecurity ကို သတ်မှတ်သည့် စည်းကမ်းများအတိုင်း လိုက်နာကြရန် မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးပြီး ဝက်သားခွဲရုံ၊ ဝက်သားဖွားရုံနှင့် မျိုးဝက်မရုံများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ညနေပိုင်းတွင် မန္တလေးတိုင်း ပုသိမ်ကြီးမြို့နယ် အောင်ရဲရွာရှိ စိန်တစ်လုံးသရက်ပျိုးပင်များ၊ ငှက်ပျောနှင့် ဒူးရင်းပင်များ စိုက်ပျိုးထားရှိမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို ပေါင်းစပ်ဆောင်ရွက်ပေးခဲ့သည်။ (သတင်းစဉ်)

ရွှေပြည်ဟိန်းဆေးခန်းအတွက် ငွေလှူ

ရန်ကုန် မေ ၃၀

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် (၁၀)လမ်းထိပ် ကန်ကော်လေးထီဆိုင် မိသားစုက ဖခင်ကြီး ဦးအကွီး (၁၆)နှစ်မြောက်ရည်စူး၍ (၉၈)နှစ်ရှိ မိခင်ကြီး ဒေါ်ညွန့်ရွှေ၏ ကောင်းမှုအဖြစ် ရန်ကင်းမြို့နယ် ပြည်သာယာ ရွှေပြည်ဟိန်းကျောင်းကုသိုလ်ဖြစ်ဆေးခန်း တိုးချဲ့ဆောင်အတွက် အလှူတော်ငွေ ကျပ်နှစ်သိန်း လှူဒါန်းရာ ရွှေပြည်ဟိန်းဆရာတော်က ဂုဏ်ပြုလွှာချီးမြှင့်သည်။ (က–ပ)

စုပေါင်းပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၃၀

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ၏ အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်လှူဒါန်းခြင်းခံရသော မန္တလေးမြို့ မဟာအောင်မြေမြို့နယ် စိန်ပန်းသံလျက်မော်အရှေ့ရပ်ကွက် အဝေရာရာမ ရန်ကင်းကျောင်းတိုက် ပဓာနနာယက၊ နိုင်ငံတော် ဗဟိုသံဃာ့ဝန်ဆောင် ရွှေကျင်ဂိုဏ်း တွဲဖက်အကျိုးတော်ဆောင် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဆရာတော် ဘဒ္ဒန္တဩဝါဒ သီရိဘိဝံသအား တပည့်သံဃာ၊ ဒါယကာ၊ ဒါယိကာမများက စုပေါင်းပူဇော်ပွဲကို ၁၃၆၈ခုနှစ် (နယုန်လပြည့်နေ့) ဇွန် ၁၀ ရက် စနေနေ့တွင် အဝေရာရာမ ရန်ကင်းကျောင်းတိုက်၌ ကျင်းပမည်ဖြစ်သည်။

ပူဇော်ပွဲတွင် ပင့်သံဃာအပါး ၂၅၀ တို့အား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခြင်း၊ သက်တော်ရှည် ဆရာတော်ကြီး ၁၅ ပါးအား အထူးပူဇော်ခြင်းအပြင် ဇွန် ၆ ရက်၊ ၇ ရက်၊ ၈ ရက်နှင့် ၁၀ ရက် ညများတွင် ဆရာတော် သံဃာတော်များက တရားတော်များ ချီးမြှင့်မည်ဖြစ်သည်။ (သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် ရွှေပြည်သာမြို့နယ် စုပေါင်းကြက်ဆူပင်စိုက်ပျိုးပွဲတော်ကို မေ ၂၈ ရက်က ကျောင်းကုန်းကျေးရွာတွင် ကျင်းပရာ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးအောင်ကျော်ဦးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့များ စိုက်ပျိုးကြစဉ်။ (က–ပ)

မီးသုံးစွဲလျှင် အသိယှဉ် ဆင်ခြင်သတိ အမြဲရှိ

KNU ဟာ တကယ်တော့...

တောင်ပိုင်းတိုင်းစစ်ဌာနချုပ်နယ်မြေ ပဲခူးတိုင်း အတွင်း လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးမှုရရှိရေး ဆောင်ရွက်မှု အခြေအနေ၊ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အနေအထား၊ KNU သောင်းကျန်းသူ အချင်းချင်း အာဏာလု သတ်ဖြတ်ညှဉ်းဆဲမှုကြောင့် လွတ်မြောက်ရာသို့ ထွက်ပြေးနေရမှုများနှင့် KNU တို့၏ လူသတ်၊ လုယက်၊ မီးရှို့၊ မိုင်းထောင်၊ ဖောက်ခွဲဖျက်ဆီးမှုကြောင့် ဒေသခံတိုင်းရင်းသား ပြည်သူအချို့ အတိဒုက္ခရောက်နေရပုံများအား လှည့်လည်ကြည့်ရှုသည့် ပြည်တွင်းပြည်ပ သတင်းစာဆရာများ၏ လေ့လာရေးခရီးစဉ် သတင်းများနှင့် စာနယ်ဇင်းသမားတစ်ဦး၏ **“ကိုယ်တွေ့မျက်မြင် လေ့လာရေးခရီးစဉ်”** ဆောင်းပါးနှစ်စောင်ကို သတင်းစာများတွင် ဖတ်ရှုလိုက်ရပါသည်။

ထိုဆောင်းပါး၏ နိဂုံးချုပ်တွင် ပြည်သူတို့လိုလားတောင့်တသော ငြိမ်းချမ်းရေး၊ သာယာဝပြောရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် KNU တို့၏ မှားယွင်းသော အကြမ်းဖက် အဖျက်လုပ်ရပ်များ ရပ်တန့်ရပ်သိမ်းချုပ်ငြိမ်းသွားအောင် နိုင်ငံတော်၊ ပြည်သူ၊ တပ်မတော်တို့နှင့်အတူ စာရေးသူတို့ စာနယ်ဇင်းသမားများကလည်း ပါဝင် ပူးပေါင်း ဆောင်ရွက်သွားကြရမည်သာ ဖြစ်ပါတော့သည်ဟု ကောက်ချက်ချထားသည်ကို သတိပြုမိခဲ့ပါသည်။

KNU အကြမ်းဖက် သောင်းကျန်းသူများက ၁၀-၁-၁၉၈၈ ရက်နေ့တွင် မန္တလေး-ရန်ကုန် အမြန်ရထားကို ပုဇွန်တောင်ဘူတာအနီးတွင် ဗုံးထောင်ဖောက်ခွဲခဲ့ရာ အပြစ်မဲ့ပြည်သူများ ဤကဲ့သို့ သေကျေဒဏ်ရာရခဲ့သည်။

ထိုအချိန်မှစ၍ ကျွန်တော်တို့နှစ်ဦး စကားဝိုင်းဖွဲ့မိရင်း KNU တို့နှင့်ပတ်သက်သည့် ပြည်တွင်းပြည်ပသတင်းများကို အလေးထား လေ့လာဖြစ်ခဲ့ကြပါသည်။ KNU တို့နှင့် ပတ်သက်သည့် မှတ်တမ်းဓာတ်ပုံများ၊ စာအုပ်စာစောင်များကိုလည်း ရှာဖွေဖတ်ရှုခဲ့ကြပါသည်။ ကရင်ပြည်နယ်အကြောင်းနှင့် ကရင်တိုင်းရင်းသားတို့အကြောင်း ရေးသားပြုစုထားသည့် စာအုပ်စာစောင်များနှင့် မှတ်တမ်း မှတ်ရာများကိုလည်း လက်လှမ်းတမီ ရှာဖွေဖတ်ရှုပြီး အမြင်ချင်းဖလှယ်ခဲ့ကြပါသည်။

ပြည်တွင်းပြည်ပသတင်းစာဆရာများ၏ ၁၃-၅-၂၀၀၆ ရက်နေ့ လေ့လာရေးခရီးစဉ်တွင် သပြေညွှန့်ကျေးရွာ၌ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးက “တကယ်တော့ အခုလို ဖြစ်ပေါ်လာတာတွေဟာ ပြည်ပဆရာကြီးတွေနဲ့ KNU အကြမ်းဖက်သောင်းကျန်းသူတွေက မြေအောက် တိုက်ကွက်နဲ့ ပြည်တွင်းပြည်ပ မြေပေါ်တိုက်ကွက်ကို ကြိုတင်စီမံ ဆက်စပ်ဆင်နွှဲလာတာပဲ ဖြစ်ပါတယ်။ KNU ဟာ နိုင်ငံတော်အစိုးရက ငြိမ်းချမ်းရေး တည်ဆောက်နိုင်ဖို့အတွက် ကြိုးပမ်းနေမှုကို ခုတုံးလုပ်ပြီး အတွင်းပိုင်းဒေသကို ဖောက်ခွဲရေး ဖျက်ဆီးရေးအဖွဲ့တွေ စေလွှတ်လာပါတယ်။ ဒီလို ရထားလမ်း၊ ကားလမ်းနဲ့ မြို့ကြီးပြကြီးတွေမှာ မိုင်းထောင် ဖောက်ခွဲဖျက်ဆီးမှုတွေ ထပ်ခါတလဲလဲ လုပ်လာရင် တပ်မတော်က လုံခြုံရေးနဲ့ နယ်မြေစိုးမိုးရေးတွေ မလွဲမသွေ လုပ်လာလိမ့်မယ်၊ အဲဒီအခါမှာ ၎င်းတို့ ကြိုတင် ဇာတ်တိုက်ထားတဲ့ အတိုင်း တပ်မတော်က တိုက်ခိုက်လို့ ကျေးရွာတွေ ရွှေ့ပြောင်းရတယ်၊ ရွာသူရွာသားတွေ ဒုက္ခသည် အဖြစ်နဲ့ ထွက်ပြေးတိမ်းရှောင်နေရတယ်လို့ ကမ္ဘာက အထင်အမြင်လွဲမှားအောင် ဝိုင်းပြီးလှုံ့ဆော်ကြမယ်၊ ၎င်းတို့ လုပ်ကြံဖန်တီးထားတဲ့ ဒုက္ခသည်ပြဿနာ ဆိုတာကို မီးမောင်းထိုး ဗန်းပြပြီး ဒေသလုံခြုံရေးကို ထိခိုက်ပျက်ပြားစေတယ်လို့ ထပ်ဆင့်စွပ်စွဲမယ်၊ နိုင်ငံတကာက သို့လောသို့လော တွေးတောလာတဲ့အခါမှာ မြန်မာနိုင်ငံရဲ့ အရေးကိစ္စကို ကုလသမဂ္ဂလုံခြုံရေးကောင်စီအထိတင်ဖို့ အစီအမံရှိရှိ၊ ရည်ရွယ်ချက်ရှိရှိနဲ့ တစ်ကျိတ်တည်းတစ်ဥဏ်တည်း ပူးပေါင်း လုပ်ဆောင် နေကြတာတွေပဲဖြစ်တယ်”ဟူ၍ အကျယ်တဝင့် ရှင်းလင်းပြောကြားခဲ့သည်ကိုလည်း အထူးအာရုံပြုမိခဲ့ကြပါသည်။

စိုးမြကျော် နှင့် စောမြအောင်

ဝန်ကြီး၏ ရှင်းလင်းပြောကြားချက် အပြည့်အစုံနှင့် အတူ ဒေသခံတိုင်းရင်းသားတို့ ရင်ဖွင့် ပြောကြားကြသည့် KNU ၏ အကြမ်းဖက်လုပ်ရပ်မှန်သမျှကို သတင်းစာများတွင်လည်းကောင်း၊ ရေဒီယိုနှင့် ရုပ်မြင်သံကြား ထုတ်လွှင့်ချက်များတွင် လည်းကောင်း၊ အင်တာနက်ပေါ်တင်၍ လည်းကောင်း ကမ္ဘာတစ်ဝန်းမှ ကြားမြင်သိရှိနိုင်စေရန် ထုတ်လွှင့်ဖော်ပြခဲ့ကြောင်း တွေ့ရှိရပါသည်။ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များ အသင်းဝင် သတင်းစာဆရာများကလည်း ပြည်ပရှိ ၎င်းတို့နှင့်သက်ဆိုင်ရာ သတင်းဌာန အသီးသီးသို့ သတင်းများပေးပို့ခဲ့ကြသည်ဟု သိရပါသည်။ ပြည်တွင်း၌ ထုတ်ဝေသော စာနယ်ဇင်းများတွင်လည်း တာဝန်သိ စာနယ်ဇင်းသမားများက မီးမောင်းထိုး၍ ရေးသားဖော်ပြခဲ့ကြပါသည်။

ထိုသို့ နိုင်ငံတကာမှ အမှန်အတိုင်း သိရှိစေရန် ထုတ်လွှင့် ဖော်ပြခဲ့သော်လည်း ပြည်တွင်းပြည်ပ အဖျက်သမားများနှင့် လက်ဝေခံသတင်းဌာန အချို့ကမူ မြန်မာနိုင်ငံအပေါ်ထားရှိသော ၎င်းတို့၏ တစ်ဖက်စောင်းနင်းမူဝါဒအတိုင်း ကျား၊ ကျား-မီးယပ်သဘောဖြင့် ငါတကောသာ ကောနေကြောင်း လေ့လာတွေ့ရှိနေရပါသည်။ ရထားလမ်းတစ်လျှောက်၌ KNU တို့က ဖျက်အားပြင်းသည့် မိုင်းများထောင်ပြီး ခရီးသွားပြည်သူများ အစုလိုက်အပြုံလိုက် သေကျေပျက်စီးစေရန် အကြမ်းဖက်လုပ်ကြံမှုကို အထောက်အထားများနှင့်တကွ တွေ့မြင်ရသည့်တိုင် KNU တို့အား တစ်စုံတစ်ရာ ဝေဖန်ပြစ်တင်ပြောဆိုမှု မပြုဘဲ ရေငုံနှုတ်ပိတ်လုပ်နေကြပါသည်။ **ထိုသို့ ရေငုံ နှုတ်ပိတ်လုပ်နေသော ပါးစပ်များကပင် အထောက်အထားမရှိ၊ ယုတ္တိမရှိသောသတင်းများကို လုပ်ကြံဖန်တီးပြီး တပ်မတော်က ဒေသခံ ကရင်တိုင်းရင်းသားများအား အဓမ္မပြောင်းရွှေ့နေသည်၊ ဖိနှိပ်နေသည်ဟု စွပ်စွဲပုတ်ခတ်နေကြပြန်ပါသည်။**

KNU တို့က ကျေးရွာများအား မီးရှို့ပစ်ခတ်ဖျက်ဆီးမှု၊ ကျေးရွာပတ်ဝန်းကျင်များ၌ မိုင်းထောင်ဖောက်ခွဲမှုတို့ကြောင့် အတိဒုက္ခရောက်နေကြရသူ ဒေသခံတိုင်းရင်းသားများက KNU တို့၏ဒဏ်ကို နောင်သားစဉ်မြေးဆက်အထိ ခံနေရဦးမှာလားဟု ရင်ဖွင့်ပြောကြားချက်များကို ကျွန်တော်တို့ နည်းတူ ၎င်းတို့ ရှုမြင်နားဆင်ခဲ့ရသော်လည်း မကြားချင်ယောင်၊ မမြင်ချင်ယောင်ဆောင်၍ မသိကျိုးကျွံပြုနေကြပါသည်။ အမှန်တရားနှင့်ဆန့်ကျင်ဘက်တွင် ရပ်တည်မြဲ ရပ်တည်နေပြီး ၎င်းတို့ တစ်ဖက်စောင်းနင်းထုတ်လွှင့်နေသည့် သတင်းများကတော့ KNU အား ထိုးစစ်ဆင်နေမှုကို ရပ်တန့်ပါ၊ ကရင်တိုင်းရင်းသားများ ဒုက္ခသည်အဖြစ် ထွက်ပြေးတိမ်းရှောင်နေရအောင် မပြုလုပ်ပါနှင့်ဟူ၍သာ ဖြစ်နေသည်ကို ကျွန်တော်တို့ အံ့အားသင့်စဖွယ် လေ့လာတွေ့ရှိရပါသည်။

ပြည်ပဆရာကြီးများ၊ ၎င်းတို့ လက်ဝေခံများနှင့် အပေါင်းပါအဖျက်သမားများ၏ဆိုလိုချက်မှာ KNU က မိုင်းထောင် ဖောက်ခွဲဖျက်ဆီးလို့ ပြည်သူတွေ သေကျေပျက်စီးတာ အရေးမကြီးဘူး၊ KNU တွေ လုပ်ချင်ရာလုပ်ပစေ၊ တပ်မတော်က ဘာမှဝင်မလုပ်ဘဲ ငုတ်တုတ်ထိုင်ပြီး လက်ပိုက်သာကြည့်နေပါ ဟူသော သဘောပင် ဖြစ်နေပါသည်။ ၎င်းတို့၏ ထိုသဘောမှာ တစ်နည်းအားဖြင့် ပြည်သူလူထုအတွက် အရေးအကြီးဆုံးဖြစ်သည့် အသက်အိုးအိမ်စည်းစိမ်လုံခြုံမှု လူ့အခွင့်အရေးကို ချိုးဖောက်ဖျက်ဆီးရာ ရောက်နေပါသည်။

ထိုအခါ ကျွန်တော်တို့နှစ်ဦးသည် KNU ဘာလဲ ဘယ်လဲ၊ KNU ကို ပြည်ပဆရာကြီးတွေက ဘာကြောင့် ဘက်လိုက်နေတာလဲဟူသော မေးခွန်းကို မေးနေမိပါသည်။ အဖြေကို ရှာကြည့်ခဲ့ကြပါသည်။

ကျွန်တော်တို့၏ အမိနိုင်ငံတော်သည် ပြည်ထောင်စု မြန်မာနိုင်ငံတော် ဖြစ်ပါသည်။ မြန်မာနိုင်ငံကို လက်ရှိတွင် ပြည်နယ်(၇)ခု၊ တိုင်း(၇)ခုဖြင့် ဖွဲ့စည်းထားပါသည်။ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော တိုင်းရင်းသားမျိုးနွယ်စု ၁၀၀ ... တိုင်း(၇)ခုကို ဒေသအလိုက် နာမည် ... ထားပြီး ပြည်နယ်(၇)ခုကို တိုင်းရင်း... အချို့အား ဝိသေသပြု၍ သက်ဆိုင်ရာ... ယှဉ်တွဲ မှည့်ခေါ်ထားခြင်းဖြစ်ပါသည်... နယ်ဟု မှည့်ခေါ်ထားသော်လည်း က... ကချင် တိုင်းရင်းသားများချည်းသာ ...



KNU အကြမ်းဖက်သောင်း... ခရီးစဉ်ရထားကို ဗုံးထောင်ဖောက်ခွဲပြီ... ၂၇-၃-၆၁ရက်နေ့ထုတ် ဟံသာဝ...

လက်ကျန် KNU သောင်းကျန်းသူ ၃၅၀၀ ခန့်ကို တစ်နိုင်ငံလုံးတွင် ပျံ့နှံ့နေထိုင်လျက်ရှိသော ကရင် တိုင်းရင်းသားဦးရေ သုံးသန်းခွဲနှင့် အချိုးချကြည့်ပါက ကရင်တိုင်းရင်းသားဦးရေ ၁၀၀ တွင် KNU ဟူ၍ ၀ ဒသမ ၁ ဦးသာရှိနေသည်ကို တွေ့ရှိရပါသည်။ ကရင်ပြည်နယ်အတွင်း မှီတင်းနေထိုင်သော ကရင်တိုင်းရင်းသားဦးရေ ၈၃၀၀၀၀ (ရှစ်သိန်းသုံးသောင်း)ကျော်နှင့်လည်း အချိုးချကြည့်ပါက ကရင်ပြည်နယ်ရှိ ကရင်တိုင်းရင်းသား ၁၀၀ တွင် KNU ဟူ၍ ၀ ဒသမ ၄၂ ဦးသာရှိနေကြောင်း တွေ့ရှိနိုင်ပါသည်။ ထို့ကြောင့် ကရင်တိုင်းရင်းသား ၁၀၀ တွင် KNU ဟူ၍ တစ်ဦးမျှပင်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ယင်းလေ့လာတွေ့ရှိချက်အရ KNU အကြမ်းဖက် သောင်းကျန်းသူများသည် ကရင်ပြည်နယ်ရှိ ကရင်တိုင်းရင်းသားများအားလည်းကောင်း၊ ပြည်ထောင်စု တစ်ဝန်းလုံးရှိ ကရင်တိုင်းရင်းသားများအားလည်းကောင်း ကိုယ်စားပြုမှု မရှိကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။ ကရင်တိုင်းရင်းသားများကလည်း KNU တို့၏ အနောက်မျှော်ဝါဒနှင့် အကြမ်းဖက် အဖျက်လုပ်ရပ်ကို လုံးဝဥဿုံ ထောက်ခံအားပေးခြင်း မရှိကြောင်း သိသာထင်ရှားနေပါသည်။ အခြားပြည်နယ်နှင့်တိုင်းများရှိ ကရင်တိုင်းရင်းသားများကမူ KNU ကို ဖုတ်လေသည့်ငါးပိ ရှိသည်ဟူ၍ပင် မထင်ကြတော့ပါ။

၁၉၈၈ ခုနှစ် မတ်လ ၂၁ ရက်နေ့ ကျိုက်ထီးရိုးဘုရားရင်ပြင်...

ကျီးပါးစပ်ကတုတ်မှ မုဆိုးတောင်ဘုရားသို့ မြင်ကွင်းတွင် ထမင်းဆိုင်များ မီးလောင်... တွေ့ရပုံ။

ဟံသာဝတီ
The HANTHAWADDY Daily
ကေအင်ဒီအိုတို့ရက်စက်မှုကြီး

KNU အကြမ်းဖက်သောင်းကျန်းသူများက ၂၆-၃-၆၁ ရက်နေ့တွင် ဒဂုံလွင် မန္တလေး-ရန်ကုန် ခရီးစဉ်ရထားကို ဗုံးထောင်ဖောက်ခွဲပြီး အပြစ်မဲ့ခရီးသည်များအား ရက်စက်ကြမ်းတမ်းစွာသတ်ပစ်ခဲ့သည်ကို ၂၇-၃-၆၁ရက်နေ့ထုတ် ဟံသာဝတီသတင်းစာတွင် ဤသို့ဖော်ပြခဲ့သည်။

လက်ရေတစ်ပြင်တည်း အတူတကွ ရောနှောစုစည်း နေထိုင်လာခဲ့ကြသည်မှာ ရှေးပဝေသဏီ အစဉ် အဆက်ကပင် ဖြစ်ပါသည်။ **မြို့တိုင်းရွာတိုင်း၌ ပြည်ထောင်စုကြီးထဲမှ ပြည်ထောင်စုငယ်လေး များအသွင် တိုင်းရင်းသားအချင်းချင်း တစ်ဦးအပေါ် တစ်ဦး အမှီသဟဲပြု၊ အထောက်အကူပြုလျက် စုစည်း နေထိုင်နေကြခြင်းပင် ဖြစ်ပါသည်။ မျက်မှောက်ခေတ် ကဲ့သို့ လမ်းပန်းဆက်သွယ်ရေး အထူးတိုးတက် ကောင်းမွန်အောင် တည်ဆောက်ပေးထားချိန်တွင် တိုင်းရင်းသားအချင်းချင်းပေါင်းသင်းဆက်ဆံနေထိုင်မှု ပုံစံမှာပို၍ပင်ကျစ်လျစ်သိပ်သည်းလျက်ရှိနေပါသည်။**

မြန်မာနိုင်ငံလွတ်လပ်ရေးရပြီးနောက် ပြည်နယ်/ တိုင်းများကို ဖွဲ့စည်းရာတွင် ကရင်တိုင်းရင်းသား အများစု ဆက်စပ်နေထိုင်ရာဒေသကို ကရင်ပြည်နယ် ဟူ၍ သတ်မှတ်ဖွဲ့စည်းပေးခဲ့ပါသည်။ ၁၉၅၁ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေပြင်ဆင်ချက်အက် ဥပဒေ (၁၉၅၁ ခုနှစ် အက်ဥပဒေ ၆၂)အရ သံလွင် ခရိုင် (ဖာပွန်နယ်)ကို ကရင်ပြည်နယ်အဖြစ် သတ် မှတ်ရန် ပါလီမန်၏ သဘောတူညီချက်ဖြင့် နိုင်ငံတော် သမ္မတက ၁၉၅၁ ခုနှစ် နိုဝင်ဘာလ ၇ ရက်နေ့၌ လက်မှတ်ရေးထိုးခဲ့ပါသည်။ ကရင်ပြည်နယ် တိုးချဲ့ သတ်မှတ်ရေးအတွက် ဒုတိယအဆင့်အနေဖြင့် သထုံ ခရိုင်မှ ဘားအံမြို့နယ်နှင့် လှိုင်းဘွဲ့မြို့နယ်၊ တောင်ငူခရိုင်မှ သံတောင်မြို့နယ်တို့ကို ၁၉၅၄ ခုနှစ် ဇွန်လ ၁ ရက်နေ့တွင် တိုးချဲ့သတ်မှတ်ပေးခဲ့ ပါသည်။ တတိယ အဆင့်အနေဖြင့် ကျိုက္ခမီခရိုင်မှ ကော့ကရိတ်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ် တို့ကို ၁၉၅၅ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် တိုးချဲ့ သတ်မှတ်ပေးခဲ့ပြန်ပါသည်။ ထိုမှတစ်ဆင့် ၁၉၆၀ ပြည့်နှစ် မတ်လ ၁ ရက်နေ့တွင် ကော့ကရိတ် မြို့နယ်တွင်ပါဝင်သော မြဝတီကို မြို့နယ်တစ်ခုအဖြစ် သတ်မှတ်ပေးခဲ့ပါသည်။ ဤသို့ဖြင့် တိုင်းနှင့်ပြည်နယ် (၁၄)ခုတွင်တစ်ခုအပါအဝင်ဖြစ်သောကရင်ပြည်နယ် သည် ဘားအံ၊ လှိုင်းဘွဲ့၊ ဖာပွန်၊ သံတောင်၊ ကော့ ကရိတ်၊ ကြာအင်းဆိပ်ကြီး၊ မြဝတီဟူသည့် မြို့နယ် (၇)ခုဖြင့် ဖွဲ့စည်းတည်ရှိနေခဲ့ခြင်းဖြစ်ပါသည်။

ကရင်ပြည်နယ်သည် ဧရိယာအားဖြင့် စတုရန်း မိုင်ပေါင်း ၁၁၇၃၀ ဒသမ ၈၅ မိုင် ကျယ်ဝန်းပါ သည်။ ကရင်၊ ကယား၊ ပအိုဝ်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း အစရှိသည့် တိုင်းရင်းသားလူမျိုးများ စုစည်း နေထိုင်လျက်ရှိရာ လက်ရှိလူဦးရေမှာ ၁၇ သိန်းခန့် ဖြစ်ပါသည်။ ကရင်ပြည်နယ်တွင် မှီတင်းနေထိုင်သော ကရင်တိုင်းရင်းသားဦးရေမှာ ၂၀၀၄ ခုနှစ် စာရင်းအရ ၈၃၀၀၀၀ (ရှစ်သိန်းသုံးသောင်း)ကျော် ဖြစ်ပါသည်။ သို့ဖြစ်ရာ ကရင်ပြည်နယ်တွင် ကရင်တိုင်းရင်းသား များက တစ်ဝက်ခန့်နှင့် အခြားတိုင်းရင်းသား ပေါင်းစုံက တစ်ဝက်ကျော်ခန့် အတူတကွ စုစည်း နေထိုင်လျက်ရှိနေသည်ဟု ဆိုရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံ၏ လက်ရှိလူဦးရေ ၅၄ သန်းကျော်ရှိ သည့်အနက် ကရင်တိုင်းရင်းသားဦးရေမှာ သုံးသန်းခွဲ နီးပါး ရှိပါသည်။ အဆိုပါ ကရင်တိုင်းရင်းသားများ သည် ကရင်ပြည်နယ်အပါအဝင် တိုင်းနှင့် ပြည်နယ် ၁၄ခုစလုံးတွင်အခြားတိုင်းရင်းသားများနှင့် အတူတကွ နေထိုင်နေခြင်းဖြစ်ပါသည်။ တစ်ပြည်လုံး၌ ကရင် တိုင်းရင်းသား ၃သန်းခွဲ နီးပါးရှိသည့်အနက် အများစု မှာ ဧရာဝတီတိုင်း၌ နေထိုင်ကြပါသည်။ ဧရာဝတီ တိုင်း၌ မှီတင်းနေထိုင်သော တိုင်းရင်းသားပေါင်းစုံ လူဦးရေ ခုနစ်သန်းခွဲခန့်ရှိရာ ကရင်တိုင်းရင်းသား ဦးရေ တစ်သန်းခွဲခန့် ပါဝင်ကြောင်း သိရပါသည်။

KNU အကြမ်းဖက် သောင်းကျန်းသူတို့၏ မြောက်မြားလှစွာသော အကြမ်းဖက်လုပ်ရပ်များ အနက် ၁၉၈၉ခုနှစ် ဧပြီလအတွင်းက မြဝတီမြို့အား ဝင်ရောက်တိုက်ခိုက် မီးရှို့ဖျက်ဆီးခဲ့ပြီးနောက် တွေ့မြင်ရစဉ်။

လုံး၏ အကျိုးစီးပွားကိုလည်း ကောင်း သယ်ပိုးနိုင်ခြင်း မရှိရုံမက ဆုတ်ယုတ်ပျက်ပြားအောင် လုပ် ဆောင်နေခြင်းသာ ဖြစ်ပါသည်။ ထို့ကြောင့်လည်း KNU အဖွဲ့မှ အင်အား၅၀၀၀ကျော်သည့်ရန်းကန် ခွဲထွက်ပြီး DKBAအဖွဲ့ကို ဖွဲ့စည်း ကာ KNU တို့အား ဆန့်ကျင် တွန်းလှန်ခဲ့ကြပါသည်။ ထို့အတူ ဖဒိုအောင်ဆန်း ဦးစီးသောအဖွဲ့၊ ဦးစောသမူဟဲ ဦးစီးသောအဖွဲ့၊ ဦးစောဖယ်ရီမိုး ဦးစီးသောအဖွဲ့၊ ဦးကိုကြီး ဦးစီးသောအဖွဲ့ စသည် တို့သည် အင်အားထောင်နှင့်ချီပြီး KNU အဖွဲ့မှ ခွဲထွက်ကာ လက်နက်နှင့်ငြိမ်းချမ်းရေးလဲလှယ် ခဲ့ကြပါသည်။ ထို့ကြောင့် ယခု အခါ နယ်စပ်ဒေသ၌သာ ခိုကပ် နေရပြီး ဒုက္ခသည်စခန်းကိုဗန်းပြ ၍ ရပ်တည်နေရသော KNU သောင်းကျန်းသူဦးရေမှာ ၃၅၀၀ ခန့်သာ ကျန်ရှိတော့ကြောင်း လေ့လာ သိရှိရပါသည်။

လက်ကျန် KNUသောင်းကျန်း သူ ၃၅၀၀ ခန့်ကို တစ်နိုင်ငံလုံး တွင် ပျံ့နှံ့နေထိုင်လျက်ရှိသော ကရင် တိုင်းရင်းသားဦးရေ သုံးသန်းခွဲနှင့် အချိုးချကြည့်ပါက ကရင်တိုင်းရင်းသားဦးရေ ၁၀၀ တွင် KNU ဟူ၍ ၀ ဒသမ ၁ ဦးသာရှိနေသည်ကို တွေ့ရှိရပါ သည်။ ကရင်ပြည်နယ်အတွင်း မှီတင်း နေထိုင်သော ကရင်

တိုင်းရင်းသားမျိုးနွယ်စု ၁၀၀ ကျော်ရှိပါသည်။ တိုင်း(၇)ခုကို ဒေသအလိုက် နာမည်များ မှည့်ခေါ် ထားပြီး ပြည်နယ်(၇)ခုကို တိုင်းရင်းသား မျိုးနွယ်စု အချို့အား ဝိသေသပြု၍ သက်ဆိုင်ရာနာမည်များနှင့် ယှဉ်တွဲ မှည့်ခေါ်ထားခြင်းဖြစ်ပါသည်။ ကချင်ပြည် နယ်ဟု မှည့်ခေါ်ထားသော်လည်း ကချင်ပြည်နယ်၌ ကချင် တိုင်းရင်းသားများချည်းသာ နေထိုင်နေခြင်း မဟုတ်ပါ။ ကရင်ပြည်နယ်ဟု မှည့်ခေါ်ထားသော် လည်း ကရင်ပြည်နယ်၌ ကရင်တိုင်းရင်းသားများ ချည်းသာ နေထိုင်နေခြင်းမဟုတ်ပါ။ မည်သည့် ပြည်နယ်/တိုင်းတွင်မျှ တိုင်းရင်းသား မျိုးနွယ်စု တစ်မျိုးတည်း သီးခြားနေထိုင်သည်ဟူ၍ မရှိပါ။ တိုင်းရင်းသား မျိုးနွယ်စုအားလုံးသည် ပြည်နယ် အသီးသီး၊ တိုင်းအသီးသီးရှိ မြို့တိုင်းရွာတိုင်း၌

...နေ့ ကျိုက်ထီးရိုးဘုရားရင်ပြင်တော်အား ကရင်သောင်းကျန်းသူများ ပစ်ခတ်တိုက်ခိုက်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများ

...းသို့ မြင်ကွင်းတွင် ထမင်းဆိုင်များ မီးလောင်ထားသည်ကို

တောင်ပိုင်ဘိုးဘိုးနီ နတ်နန်းအရှေ့တွင် သောင်းကျန်းသူတစ်ဦး သေဆုံးပြီး ပြန်ဆွဲသွားသောနေရာ၊ တိုက်ပွဲဖြစ်ပွားသည့်နေရာ။

ယခင်က ဧရာဝတီတိုင်းတွင် KNU သောင်းကျန်း သူတို့ ကျက်စားမင်းမူခဲ့သော်လည်း ကရင်တိုင်း ရင်းသားများအပါအဝင် ဒေသခံပြည်သူများက KNU တို့၏ မှားယွင်းသော အနောက်မျှော်ဝါဒနှင့် အကြမ်းဖက် အဖျက်လုပ်ရပ်များကို သည်းမခံနိုင် တော့၍ တပ်မတော်နှင့် ပူးပေါင်းချေမှုန်းခဲ့သဖြင့် ယခုအခါ ဧရာဝတီတိုင်းသည် အဖြူရောင်နယ်မြေ ဒေသအဖြစ် တည်ငြိမ်အေးချမ်းဖွံ့ဖြိုးတိုးတက်လျက် ရှိနေပြီဖြစ်ပါသည်။ အလားတူပင် အခြားပြည်နယ်/ တိုင်းများ၌လည်း တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့(၁၇)ဖွဲ့နှင့် အခြားအဖွဲ့ငယ်များ ဥပဒေဘောင် အတွင်းဝင်ရောက်ခြင်း၊ ငြိမ်းချမ်းရေးရယူ တည် ဆောက်ခြင်းတို့ကြောင့် ထိုနယ်မြေဒေသများတွင် နေထိုင်သော ကရင်တိုင်းရင်းသားများ အပါအဝင် တိုင်းရင်းသားပြည်သူများသည် မျက်မှောက်ခေတ်၏ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှု အကျိုး စီးပွားအသီးအပွင့်များကို ယခင်ကာလများနှင့်မတူ တစ်မူထူးခြားစွာ ရရှိခံစားနိုင်လျက် ရှိနေပါသည်။

KNU အကြမ်းဖက် သောင်းကျန်းသူတို့၏ လက်နက်ကိုင်လမ်းစဉ်နှင့် မှားယွင်းသော မူဝါဒ များသည် ကရင်တိုင်းရင်းသားများ အပါအဝင် ပြည်သူတစ်ရပ်လုံး၏ အကျိုးစီးပွားကိုလည်းကောင်း၊ ကရင်ပြည်နယ်အပါအဝင် ပြည်ထောင်စုကြီး တစ်ခု

တိုင်းရင်းသားဦးရေ ၈၃၀၀၀၀ (ရှစ်သိန်းသုံးသောင်း)ကျော်နှင့် လည်း အချိုးချကြည့်ပါက ကရင် ပြည်နယ်ရှိ ကရင်တိုင်းရင်းသား ၁၀၀ တွင် KNU ဟူ၍ ၀ ဒသမ ၄၂ ဦးသာရှိနေကြောင်း တွေ့ရှိ နိုင်ပါသည်။ ထို့ကြောင့် ကရင် တိုင်းရင်းသား ၁၀၀ တွင် KNU ဟူ၍ တစ်ဦးမျှပင်မရှိကြောင်း လေ့လာတွေ့ရှိရပါသည်။

ယင်းလေ့လာတွေ့ရှိချက်အရ KNU အကြမ်းဖက် သောင်းကျန်း သူများသည် ကရင်ပြည်နယ်ရှိ ကရင် တိုင်းရင်းသားများအား လည်းကောင်း၊ ပြည်ထောင်စု တစ်ဝန်းလုံးရှိ ကရင်တိုင်းရင်း သားများအား လည်းကောင်း ကိုယ်စားပြုမှုမရှိကြောင်း ပေါ်လွင် ထင်ရှားနေပါသည်။ ကရင် တိုင်း ရင်းသားများကလည်း KNU တို့ ၏ အနောက်မျှော်ဝါဒနှင့် အကြမ်း ဖက်အဖျက်လုပ်ရပ်ကို လုံးဝဥဿုံ

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ✧

KNU ဖောက်ခွဲဖျက်ဆီးရေးသမားများ လက်ချက်ဖြင့် ၁၀–၁–၁၉၈၈ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် မန္တလေး–ရန်ကုန် အမြန်ရထား မိုင်းပေါက်ကွဲမှုဖြစ်စဉ် မှတ်တမ်းဓာတ်ပုံများ။

✧ စာမျက်နှာ ၉ မှ

ထောက်ခံအားပေးခြင်း မရှိကြောင်း သိသာထင်ရှားနေပါသည်။ အခြားပြည်နယ်နှင့်တိုင်းများရှိ ကရင်တိုင်းရင်းသားများကမူ KNU ကို ဖုတ်လေသည့်ငါးပိ ရှိသည်ဟူ၍ပင် မထင်ကြတော့ပါ။ သို့ရာတွင် အနောက်ဆရာကြီးများနှင့် လက်ဝေခံများကမူ ကရင်တိုင်းရင်းသားအားလုံး၏ ၀ ဒသမ ၁ ရာခိုင်နှုန်းမျှသာရှိသောKNU ကို မန်းမှုတ်ပြီး အသက်သွင်းပေးနေကြဆဲဖြစ်ပါသည်။ ယင်းသို့ တစ်ဖက်စောင်းနင်းလုပ်နေခြင်းကို "နင်သနားတာ ငါသိပါတယ်" ဟူသော စောကြော ဝေဖန်မှုဖြင့် မြန်မာတိုင်းရင်းသားပြည်သူများက နှာကျေအောင် သိထားကြပြီး ဖြစ်ပါသည်။ အနောက်ဆရာကြီးများ ကြိုးဆွဲသည့်အတိုင်း လိုက်ကနေသမျှကာလပတ်လုံး KNUတို့ မှာ လှုပ်လေမြုပ်လေ ဖြစ်နေပါတော့မည်။ KNU တို့၏ ပြည်ပအားကိုးမှုနှင့် ပြည်သူလူထုအပေါ် အကြမ်းဖက် တိုက်ခိုက်မှုများကြောင့် ကရင်တိုင်းရင်းသားများက လုံးဝလိုလားခြင်း မရှိသကဲ့သို့ပင် ၅၄ သန်းကျော်သော တိုင်းရင်းသား ပြည်သူတစ်ရပ်လုံးကလည်း KNU တို့အား နှစ်မြို့ခြင်း မရှိသည်မှာ အမှန်ပင်ဖြစ်ပါသည်။

အဘယ်ကြောင့်ဆိုသော် KNU တို့ ထကြွသောင်းကျန်းစဉ်တစ်လျှောက်လုံး ပြည်သူလူထုအပေါ် အတောမသတ်သည့် အကြမ်းဖက် အဖျက်လုပ်ရပ်များကို ရက်ရက်စက်စက် ကျူးလွန်ခဲ့ကြ၍ ဖြစ်ပါသည်။ ပြည်တွင်းသောင်းကျန်းမှု သမိုင်းစာအုပ်တွင် သက်သေသက္ကာယ အထောက်အထားများနှင့်တကွ မှတ်တမ်းတင်ထားသည်ကို အသေးစိတ် လေ့လာတွေ့ရှိနိုင်ပါသည်။ ၁၉၄၈–၄၉ နှစ်နှစ်အတွင်းမှာပင် KNU တို့၏ ရက်စက်ကြမ်းကြုတ်မှု၊ အကြောင်းမဲ့ သတ်ဖြတ်ဖျက်ဆီးမှုအကြိမ်ပေါင်း ၁၁၀ ရှိခဲ့ပါသည်။ ဓားပြတိုက် လုယက်မှုကြီး ၃၅ကြိမ် ရှိခဲ့ပါသည်။ နိုင်ငံတော်ပိုင် ငွေတိုက်များကို (၁၃)ကြိမ်တိုင်တိုင် ဖောက်ထွင်းခဲ့ပါသည်။ နောက်ပိုင်း၌ ကျူးလွန်ခဲ့သည့် အကြမ်းဖက်လုပ်ရပ်များမှာ အမြောက်အမြား ဖြစ်ပါသည်။ ရန်ကုန်–မန္တလေးရထားလမ်း၊ ရန်ကုန်–မော်လမြိုင် ရထားလမ်းတို့ကို အကြိမ်ကြိမ် မိုင်းထောင်ဖောက်ခွဲပြီး ခရီးသွားပြည်သူများကို အစုလိုက်အပြုံလိုက် သတ်ဖြတ်မှုကျူးလွန်ခဲ့ပါသည်။ **၁၉၄၉ ခုနှစ်က KNU တို့၏ မေမြို့(ပြင်ဦးလွင်)နှင့် ဖြူးမြို့ မြို့လုံးကျွတ်သတ်ဖြတ်မှုများကို ပြန်လည် လေ့လာလျှင် နာဇီတို့ကျူးလွန်ခဲ့သည့် လူမျိုးတုံး သတ်ဖြတ်မှုကြီးနှင့် နင်လားငါလား ထူးမခြားနား ဖြစ်နေသည်ကို ကြက်သီးထစဖွယ် တွေ့ရှိရပါလိမ့်မည်။ ဤသည်တို့မှာ ယနေ့ထက်တိုင် KNU တို့ ကျူးလွန်လျက်ရှိသည့် Ethnic Cleansing လုပ်ရပ်များပင် ဖြစ်ပါတော့သည်။** သို့ရာတွင် ပြည်ပမှ အနောက်ဆရာကြီးများနှင့် လက်ပါးစေ မီဒီယာတွေကတော့ လက်ငင်းလက်တွေ့ Ethnic Cleansing လုပ်နေသူသည် KNUဖြစ်မှန်းသိလျက်နှင့် ဖုံးကွယ်ပေးထားနိုင်ရန်အတွက် တပ်မတော်ကိုသာ လက်ညှိုးထိုးစွပ်စွဲနေကြောင်း တွေ့ရှိနေရပါသည်။

၁၉၅၃ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်က ကရင်သောင်းကျန်းသူ ဗိုလ်ရာကျော်နှင့်အဖွဲ့သည် စစ်တောင်းမှ ထွက်ခွာလာသော လူစီးရထားအား နောင်ကုလားရွာ အနီးတွင် မိုင်းခွဲတိုက်ခိုက်ပြီး ခရီးသည်များထံမှ ပါသမျှ ပစ္စည်းအားလုံးကို လုယက်ယူငင်ကြသည်။ ယောကျ်ားမိန်းမ ၅၀ခန့်ကို ပြန်ပေးဆွဲပြီး ထိုအထဲမှ အမျိုးသမီး ၂၀ ကို ဗိုလ်ရာကျော်နှင့် နောက်လိုက်များက အဓမ္မပြုကျင့်ခဲ့ကြသည်။ ကရင် သောင်းကျန်းသူ လင်းထင်၊ ဆလန်၊ ဖားလူကျော် စသူတို့သည် မိန်းမကိစ္စတွင် နာမည်ကြီးကြသည်။ လင်းထင်က တရားဝင်မိန်းမ ၄၅ ယောက်ယူခဲ့သည်။ ဆလန်သည် ၁၉၆၃ ခုနှစ်အကုန် တပ်မတော်က ဖမ်းဆီးရမိသည်အထိ မိန်းမ ၁၂၀ ကျော်ယူခဲ့သည်။ ဖားလူကျော်က မိန်းမ ၁၅၀ ကျော်ယူခဲ့သည်။ ကရင်သောင်းကျန်းသူများ အဓမ္မပြုကျင့်စော်ကားခဲ့သဖြင့် ကရင်၊ မွန်၊ ဗမာတိုင်းရင်းသူ ထောင်ပေါင်းများစွာ ဘဝပျက်ခဲ့ရသည်။ လင်းထင်အား ထိုစဉ်ကာလ သတင်းစာများက ကာမဘီလူးချုပ်ဟု ရေးသားခဲ့ကြသည်။ **ယနေ့ကာလ ပြည်တွင်းပြည်ပ အဖျက်သမားများက တပ်မတော်အပေါ် မဟုတ်မမှန် လုပ်ကြံစွပ်စွဲနေသည့် Licensed to Rape ဆိုသည်ကို အမှန်တကယ် ကျူးလွန်နေသူမှာ KNU နှင့် အပေါင်းပါ အကြမ်းဖက် အဖျက်သမားများသာဖြစ်ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။**

KNU တို့ ကျူးလွန်ခဲ့သော ရက်စက်မှုအပေါင်း သရုပ်ဖော်ဆောင်သည့် လုပ်ရပ်အများအပြားအနက် ၁၉၅၄ ခုနှစ်မှ လုပ်ရပ်တစ်ခုကိုကြည့်ရုံဖြင့် ဩချဖွယ်ကောင်းကြောင်းတွေ့ရှိနိုင်ပါသည်။ ၁၉၅၄ ခုနှစ် ၌ KNU သောင်းကျန်းသူတို့သည် စစ်တောင်း–မုတ္တမရထားကို စီးနင်းတိုက်ခိုက်ပြီး တက္ကသိုလ် ကျောင်းပိတ်၍ နေရပ်သို့ ပြန်ကြသည့် တက္ကသိုလ်ကျောင်းသူ ၄၀ ကျော်နှင့် အရပ်သူမိန်းမပျို ၁၅ ဦးကို အဓမ္မဖမ်းဆီးသွားခဲ့သည်။ အဆိုပါ မိန်းကလေးများနှင့် မွန်ကျေးရွာအချို့မှ ဖမ်းဆီးလာသည့် မိန်းမပျို လေးများကို KMT တရုတ်ဖြူ ဗိုလ်ချုပ်လောလီထံ KNU တို့က ထိုးအပ်ပြီး လက်နက်ခဲယမ်းများနှင့် လဲလှယ်ခဲ့ပါသည်။ **ယနေ့ထက်တိုင်လည်း ဤလုပ်ရပ်မျိုးကို KNU တို့က ဆက်လက်ကျူးလွန်နေဆဲဖြစ်ပါသည်။ ဤလုပ်ရပ်များကို ကြည့်ပါက ပြည်ပဆရာကြီးများသည် မြန်မာနိုင်ငံ၌ အကြမ်းဖက်မှု၊ လူကုန်ကူးမှုကို အမှန်တကယ် ကျူးလွန်နေသူ KNU နှင့် အပေါင်းပါများအပေါ် လက်ရှောင်နေပြီး အဘယ့်ကြောင့် တပ်မတော်အပေါ် မဟုတ်မမှန် လုပ်ကြံစွပ်စွဲနေတာလဲဟူသောအဖြေကို တွေ့ရှိနိုင်မည်ဖြစ်သည်။**

တက္ကသိုလ်ကျောင်းသူ ၄၀ ကျော်နှင့် တိုင်းရင်းသူမိန်းမပျိုလေးများသည် မြန်မာ့မြေကို ကျူးကျော်စော်ကားသူ KMT တရုတ်ဖြူတို့၏ လက်ထဲတွင် KNU သောင်းကျန်းသူတို့၏ ဝကွက်အပ်နှံမှုကြောင့် ဘဝပျက်ခဲ့ကြရပါသည်၊ အညွန့်ကျိုးခဲ့ကြရပါသည်။ နောက်ပိုင်း၌လည်း KNU တို့က မြို့ပြများအထိ ဖောက်ခွဲ ဖျက်ဆီးရေးသမားများ စေလွှတ်ပြီး ပြည်သူတို့၏ဘဝ လုံခြုံမှုမရှိအောင် အကြမ်းဖက် ဖောက်ခွဲမှုများကို အကြိမ်ကြိမ်ကျူးလွန်ခဲ့ကြသည်။ မြို့များ၊ ရွာများကို ဝင်ရောက်တိုက်ခိုက် မီးရှို့ဖျက်ဆီးမှုပေါင်း ရာနှင့်ချီ၍ ကျူးလွန်ခဲ့ကြသည်။

၁၉၈၈ ခုနှစ် မတ်လ၌ ကျိုက်ထီးရိုးဘုရား ရင်ပြင်တော်ကို KNU တို့ ဝင်ရောက်ပစ်ခတ် တိုက်ခိုက်ဖျက်ဆီးပြီး အများပြည်သူတို့၏ လှူဒါန်းထားသော ငွေများကို လုယက်ယူငင်သွားခဲ့သည်။ ဘုရားဖူးရဟန်းရှင်လူပြည်သူများ မရှုမလှသေကျေ ဒဏ်ရာရရှိခဲ့ကြပါသည်။ ၁၉၉၀ ပြည့်နှစ် မတ်လ၌လည်း ဆံတော်ရာ ဘုရားပွဲလာ ပရိသတ်ထဲကို ဝင်ရောက်ပစ်ခတ်ပြီး အလှူငွေနှင့်ပစ္စည်းများကို လုယက်ယူငင်သွားပါသည်။ ခရီးသည်တင်ကားများ၊ ရေယာဉ်များကို ပစ်ခတ်လုယက်သည့်အကြိမ်ပေါင်း မြောက်မြားစွာရှိပါသည်။ ၃–၂–၉၁ ရက်နေ့၌ ထားဝယ်မြို့မှ သရက်ချောင်းမြို့သို့ ကြွချီလာသည့် နိုင်ငံတော် သံဃမဟာနာယကအကျိုးတော်ဆောင် မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ အမှူးပြုသည့် သာသနာပြုယာဉ်တန်းကို KNU သောင်းကျန်းသူများက စောင့်ကြို၍ မိုင်းခွဲ တိုက်ခိုက်လုပ်ကြံခဲ့ရာ ငါးဦးဒဏ်ရာရပြီး မော်တော်ယာဉ်တစ်စီး ပျက်စီးသွားခဲ့သည်။ ဆရာတော်ကြီးမှာ အန္တရာယ်မှ လွတ်ကင်းခဲ့ပါသည်။

ထိုမျှမကသေးပါ။ ၁၀–၅–၈၉ ရက်နေ့၌ အလံတစ်ရာ ဆရာတော်ကြီး၏ ပုံတူရုပ်တုကို သယ်ဆောင်ရန် သထုံ–ဘားအံ–လှိုင်းဘွဲ့ခရီးစဉ် အတိုင်း သံဃာတော်များ၊ ယောဂီများ၊ ပိတ်ဖြူ စင်ကြယ်ဝတ် ဥပသကာများ လိုက်ပါလာသည့် သာသနာပြုယာဉ်တန်းကို KNU တို့က ကြာအင်းကျေးရွာအနီး၌ မိုင်းထောင်ဖောက်ခွဲတိုက်ခိုက်ပြီး မော်တော်ယာဉ်များကို မီးရှို့ဖျက်ဆီးခဲ့ကြပါသည်။ သာသနာရေးဆိုင်ရာ လုပ်ငန်းများအတွက် ပေါ်လွင်ထင်ရှားစွာ အခမ်းအနားအစီအစဉ်ဖြင့် ခရီးနှင်လာသော ယာဉ်တန်းကို တမင်ပစ်ခတ်တိုက်ခိုက်ခဲ့ခြင်းဖြစ်၍ သံဃာတော်၊ ယောဂီနှင့် ဥပသကာအချို့ သေကျေဒဏ်ရာရရှိခဲ့ကြပါသည်။

KNU တို့၏ ရက်စက်ကြမ်းကြုတ်သော အဆိုပါ အကြမ်းဖက် အဖျက်လုပ်ရပ်များမှာ နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးအတွက် ခါးသီးနာကျည်းဖွယ်ရာများပင် ဖြစ်ပါသည်။ ဤခါးသီးနာကျည်းဖွယ်ရာများကို နိုင်ငံတော်အစိုးရက အတိတ်ကို အတိတ်မှာထားပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးအား အလေးထားရှေးရှုကာ KNU တို့အတွက် ငြိမ်းချမ်းရေးတံခါးကို ကာလရှည်လျားစွာ ဖွင့်လှစ်ပေးထားခဲ့ခြင်းဖြစ်ပါသည်။

သို့ရာတွင် KNU တို့က နိုင်ငံတော်၏ ငြိမ်းချမ်းရေးတည်ဆောက်မှုကို အခွင့်ကောင်းယူပြီး မီးစတစ်ဖက်၊ ရေမှုတ်တစ်ဖက်နည်းဖြင့် အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်လှည့်စား လုပ်ဆောင်လာခဲ့ခြင်းဖြစ်ပါသည်။ တိုင်းရင်းသားပြည်သူတို့၏ အသက်သွေးများကို စတေးပြီး ဒုက္ခသည်စခန်း ဇန်းပြကာ နိုင်ငံတကာကိုပါ လိမ်ညာလှည့်စားလာပါသည်။ အကြမ်းဖက်အဖျက်လုပ်ရပ်များဖြင့် မြေအောက်တိုက်ကွက်ဆင်ပြီး ပြည်ပအားကိုးဖြင့် မြေပေါ်တိုက်ကွက်ဆင်ကာ နိုင်ငံရေးအမြတ်ထုတ်နေပါသည်။

KNU အကြမ်းဖက် သောင်းကျန်းသူများကို ကြားခံထားပြီး မြန်မာနိုင်ငံအပေါ် နိုင်ငံရေးကစားလိုသော ပြည်ပမှ အနောက်ဆရာကြီးများနှင့် လက်ဝေခံများကလည်း ၎င်းတို့ ချမှတ်ထားသော မဟာဗျူဟာအတိုင်း KNU လုပ်သမျှ ဟုတ်သပဟု အားပေးထောက်ခံနေကြသည်မှာ စိတ်မချမ်းမြေ့ဖွယ် ကောင်းလှပါသည်။ KNU နှင့် အပေါင်းပါများ၊ ပြည်ပြေးများ နယ်စပ်မှာရှိနေမှ မြန်မာနိုင်ငံအပေါ် မဟုတ်မမှန်လုပ်ကြံစွပ်စွဲနိုင်မည်ဖြစ်၍ KNU နှင့် အပေါင်းပါ အကြမ်းဖက်အဖျက်သမားများအား အနောက်ဆရာကြီးများက တစ်ဖက်လှည့်ဖြင့် လက်သပ် မွေးထားခြင်းသာ ဖြစ်ပါတော့သည်။

ကရင်တိုင်းရင်းသား ၁၀၀ တွင် အရေအတွက်အရ တစ်ဦးပင်မရှိသော ကရင်တိုင်းရင်းသားများအား မူဝါဒအရရော၊ လက်တွေ့လုပ်ဆောင်ချက်ပါ လုံးဝကိုယ်စားပြုခြင်း မရှိသော လက်တစ်ဆုပ်စာ KNU အကြမ်းဖက်သောင်းကျန်းသူများဘက်မှ အနောက်ဆရာကြီးများက တစ်ဖက်သတ် ဘက်လိုက်နေခြင်းသည် ကရင်တိုင်းရင်းသားများအကျိုးကို လိုလား၍ မဟုတ်ကြောင်း ပေါ်လွင်ထင်ရှားနေပါသည်။ မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားများ အကျိုးကို လိုလား၍ မဟုတ်ကြောင်း သိသာထင်ရှားလှပါသည်။ ပြည်ပဆရာကြီးများက KNU များကို လက်သပ်မွေးမြူထားခြင်းသည် ဒီမိုကရေစီအရေး၊ လူ့အခွင့်အရေးအတွက် မဟုတ်ဘဲ ၎င်းတို့၏ အကျိုးစီးပွားသက်သက်၊ နိုင်ငံရေးကစားလိုမှုအတွက်သာဖြစ်ကြောင်း ထင်သာမြင်သာရှိနေပါသည်။ ပြည်ပမှ အနောက်ဆရာကြီးများ၏ အမှန်တရားကို ဖုံးကွယ်လှည့်စားပြီး KNU နှင့် အပေါင်းပါများ အပေါ် မျက်လုံးစုံမှိတ် ဘက်လိုက်နေခြင်းသည် နိုင်ငံရေးကစားကာ မြန်မာနိုင်ငံ၌ ၎င်းတို့ဩဇာခံ ရုပ်သေးအစိုးရတင်ပြီး ကြိုးဆွဲလို၍သာ ဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီထွန်းကားရေးနှင့် လူ့အခွင့်အရေးအတွက် မဟုတ်မူဘဲ ၎င်းတို့၏ နိုင်ငံရေး၊ စစ်ရေးအမြတ်ထုတ်မှု၌ မြန်မာနိုင်ငံကို စတေးလို၍ ဖြစ်ကြောင်း သိသာလှပါသည်။

ထိုမျှသော ကျွန်တော်တို့၏ လေ့လာတွေ့ရှိချက်များအရပင် KNU ဟာ တကယ်တော့...... ဟူသော အဖြေကို တွေ့မြင်နိုင်ကြမည်ဟု ယူဆမိပါသည်။

KNU ဟာ တကယ်တော့ ပြည်ပဆရာကြီးများ၏ ကြိုးဆွဲရာလိုက်ကနေရသည့် ဒေါ်လာစား၊ ကြေးစား ရုပ်သေးရုပ်လက်တစ်ဆုပ်စာသာ ဖြစ်ပါသည်။ ကရင်တိုင်းရင်းသားများ အပါအဝင် ပြည်သူလူထု အပေါ် အကြမ်းဖက်ဖောက်ခွဲ တိုက်ခိုက်ဖျက်ဆီးမှု၊ အစုလိုက်အပြုံလိုက်သတ်ဖြတ်မှု၊ အဓမ္မပြုကျင့်မှု၊ လူကုန်ကူးမှုနှင့် ကလေးသူငယ်များကို အဓမ္မ လူသစ်စုဆောင်းမှု ကျူးလွန်နေသူများသာ ဖြစ်ပါသည်။ ဒုက္ခသည်စခန်း ဇန်းပြပြီး နိုင်ငံရေးအမြတ်ထုတ်နိုင်ရေးအတွက် ဒေသခံတိုင်းရင်းသားများအား အတင်းအဓမ္မ ရွှေ့ပြောင်းခိုင်းနေသူများသာ ဖြစ်ပါသည်။ အနောက်မျှော်ဝါဒဖြင့် ပြည်ပအားကိုးပြီး အမျိုးသားရေးကို သစ္စာဖောက်နေသူများသာဖြစ်ပါသည်။ မြန်မာနိုင်ငံ၏ ဒီမိုကရေစီဖော်ဆောင်မှု နှောင့်နှေးပျက်ပြားအောင်၊ မြန်မာပြည်သူများ၏ လူ့အခွင့်အရေးနှင့် လူမှုစီးပွားရေး နိမ့်ပါးယုတ်လျော့အောင် အနောက်ဆရာကြီးများ၏ ဟန့်တားပိတ်ဆို့မှု၊ လုပ်ကြံစွပ်စွဲ ဖိအားပေးမှုများတွင် လိုက်ပါ အသုံးတော်ခံနေသူများသာ ဖြစ်ပါသည်။ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး လိုလားတောင့်တသည့် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ဖြစ်ပေါ်ရေး ရည်မှန်းချက်ကို အနောက်ဆရာကြီးများ၏ အားပေးမြှောက်ပင့်မှုဖြင့် ဖျက်လိုဖျက်ဆီး လုပ်နေသူများသာဖြစ်သည်ဟူသော ကျွန်တော်တို့၏ လေ့လာတွေ့ရှိချက်များကို ရေးသားတင်ပြလိုက်ရပါသည်။ ။

▲ ဆေးလိပ်မသောက်တတ်မှ ရှောင်ရှားတိုက်ဖျက်နိုင်ရန် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက နှစ်စဉ် မေ ၃၁ရက်ကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့အဖြစ် သတ်မှတ်ပြီး ကျန်းမာရေး အသိပညာဖြန့်ဝေမှုများ ပြုလုပ်လျက်ရှိရာ ယခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့၏ဆောင်ပုဒ်ဖြစ်သော Tobacco; deadly in any form or disguise **"ဆေးလိပ်ဆေးရွက်ဆွဲဆောင်အား အသက်အန္တရာယ် သတိထား တွန်းလှန်နိုင်ဖို့ဒို့ကြိုးစား"** ဟူ၍ သတ်မှတ်ထားသည်။ မြန်မာနိုင်ငံတွင် နိုင်ငံတော်က ဆေးလိပ်နှင့်ဆေးရွက်ကြီး ဥပဒေကို ထုတ်ပြန်ကာ ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းကို မြှင့်တင်ဆောင်ရွက်နေသည်။

သို့ပါ၍ ကြေးမုံ သတင်းအဖွဲ့သည် ဆေးလိပ် ဆန့်ကျင်ရေးအတွက် ဆောင်းပါးများ၊ ဟောပြောပွဲများကို နှစ်ပေါင်းများစွာ ရေးသား၊ ဟောပြောလာခဲ့သည့် သိပ္ပံစာရေးဆရာ သိပ္ပံမျိုးတင်နှင့် တွေ့ဆုံမေးမြန်းကာ ဆေးလိပ် ဆန့်ကျင်ရေးဆိုင်ရာ သိကောင်းစရာများကို ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (ယနေ့)တွင် ဖြန့်ဝေလိုက်ပါသည်။

ဆရာသိပ္ပံမျိုးတင်က "ဆေးလိပ်မကောင်းကြောင်းကိုသိတာ ၁၉၅၀ပြည့်နှစ်က စသိတယ်။ သုံးနှစ်လုံးလုံး တိရစ္ဆာန်တွေနဲ့ သုတေသနလုပ်ပြီး ၁၉၅၃၊ ၅၄ခုနှစ်ကျမှ ရီးဒါးဒိုင်ဂျက်မဂ္ဂဇင်းမှာပါရှိတဲ့ သင်သည် လူလောခေါင်းတိုင်လော (Are You a Smoke-Stack Humanbeing) ဆိုတဲ့ ဆောင်းပါးနဲ့ ဆေးလိပ်သောက်ခြင်းရဲ့ အပြစ်ရောဂါ ၂၅မျိုးကို ဖော်ပြနိုင်ခဲ့တယ်။ အဲဒီကမှစပြီး ဆေးလိပ်သောက်ခြင်းရဲ့ မကောင်းတာတွေကို အစိုးရ၊ ပုဂ္ဂလိက NGO အားလုံး လိုက်ပြီးတော့ ပညာပေး ဆောင်ရွက်ကြတယ်။

"ကျွန်တော် အသက်(၃၀) ဆေးလိပ်သောက် သက်အနှစ်(၂၀)မှာ အဆင့်မြင့် သင်တန်း တစ်ခုတက်ခဲ့ရင်း ကျွန်တော့်မှတ်ဉာဏ် ချို့တဲ့မှုကို တွေ့ရတယ်။ နောက်အထက်က ပြောခဲ့တဲ့ ဆောင်းပါးကိုဖတ်မိရာက ဆေးလိပ်ဖြတ်ပစ်လိုက်တာပဲ။ ယတိပြတ်ပဲ၊ ကြက်တောင်၊ တင်းနစ် ထူးထူးချွန်ချွန်ဖြစ်အောင်ရိုက်တယ်။ တရားထိုင်တယ်။ ဒါကိုယ်တွေ့ပဲ၊ တကယ်တော့ ဆေးလိပ်စွဲတယ်ဆိုတာ ဆေးရွက်ကြီးမှာပါတဲ့ နီကိုတင်းဟာ ခန္ဓာကိုယ်မှာ ဓာတုဖြစ်စဉ်ပြောင်းလဲပြီး ကြည်နူးစိတ်ကလေးကို ဖြစ်ပေါ်လာတယ်၊ ဒါကို

ဆေးလိပ်သောက်သုံးတဲ့ လူငယ်တွေဟာ မူးယစ်ဆေး သုံးစွဲဖို့ မခဲယဉ်းတော့ပါဘူး။ (သိပ္ပံမျိုးတင်)

စွဲတာပဲ။ ဆေးလိပ်ဖြတ်နည်းတွေ အမျိုးမျိုး ရှိပါတယ်၊ ဆေးလိပ်ဖြတ်လိုတဲ့လူတွေဟာ ဆေးလိပ်ရဲ့ ဆိုးကျိုးတွေကိုတော့ ခြေခြေမြစ်မြစ် သိထား၊ ယုံကြည်ထားဖို့လိုပါတယ်။ စေတနာစေ့ဆော်မှုကြောင့် အခုလို ဟောပြောရေးသားနေခြင်းဖြစ်ပါတယ်။

"ဆေးလိပ်ကိုတစ်နေကုန်သောက်ရင် ခန္ဓာကိုယ်မှာရှိတဲ့ သွေးကြောတွေဟာ ၁၀၅မိနစ်တိတိ ကျဉ်းမြောင်းသွားပါတယ်၊ အဲဒီလို ကျဉ်းမြောင်းသွားတဲ့အတွက် ဦးနှောက်နှင့် ခန္ဓာကိုယ်မှာလိုအပ်တဲ့ အာဟာရအပြည့်အဝ မရရှိတဲ့အတွက်ကြောင့် ဦးနှောက်မှတ်ဉာဏ် ချွတ်ယွင်းသွားရခြင်းဖြစ်ပါတယ်။

"ဆေးလိပ်နှင့်မူးယစ်ဆေးသုံးစွဲမှုဟာလည်း ဆက်နွှယ်နေပါတယ်။ ဆေးလိပ်သောက်သုံးတဲ့လူငယ်တွေဟာ မူးယစ်ဆေး သုံးစွဲဖို့ မခဲယဉ်းတော့ပါဘူး၊ အင်မတန် အန္တရာယ်ကြီးပါတယ်။ ထို့နည်းတူ စီးကရက်နဲ့ ဆေးပေါ့လိပ်သုံးစွဲရာ၌ ဆေးပေါ့လိပ်ဟာလည်း အင်မတန် အန္တရာယ်ကြီးပါတယ်။ မရိုးသားသောနည်းဖြင့် အမျိုးအမည်မသိ ရောနှောမှုတွေလည်း ရှိနိုင်ပါတယ်။

"ဆေးလိပ်စွဲနေသူတွေချက်ချင်းဖြတ်ပါ၊ လူမှုစီးပွားနဲ့ ကျန်းမာရေး အခြေအနေ သိသိသာသာ ပြောင်းလဲတိုးတက်လာပါလိမ့်မယ်။ ဆေးလိပ်သောက်သုံးမှုကြောင့် စွဲကပ်နိုင်တဲ့ နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက် နှလုံးသွေးရပ်ခြင်း၊ လေဖြတ်ခြင်း၊ အဆုတ်ကင်ဆာဖြစ်ခြင်း၊ ပါးစပ်၊ အစာပြွန်၊ လေမျိုပြွန်ဝ၊ ဆီးအိမ်ကင်ဆာနှင့် အခြားကင်ဆာရောဂါများ ဖြစ်ပွားနိုင်ခြေလျော့နည်းသွားနိုင်ပါတယ်။ ဆေးလိပ်မသောက်တတ်သေးသူများ လုံးဝအစပြုမသောက်သင့်ပါ၊ ကလေးငယ်များကို ဆေးလိပ်မီးငြှိခိုင်းတာမျိုး လုံးဝမပြုလုပ်စေသင့်ကြောင်း ပြောကြားလိုပါတယ်။

"ကလေးများ၏ အသိဉာဏ်နှင့်လိုက်လျောညီစွာ ဆေးလိပ်ဆန့်ကျင်ရေး ကျန်းမာရေး သင်ခန်းစာများ သင်ကြားပို့ချ ဟောပြောခြင်းဖြင့် အနာဂတ်ကျန်းမာရေးအုတ်မြစ် ခိုင်ခိုင်မာမာ ချပေးကြစေလိုပါတယ်။

"ဆေးလိပ် သောက်သုံးခြင်းအပြင် ကွမ်းယာစားရာတွင် ပြည်ပနိုင်ငံများမှ တင်သွင်းသည့် ဆေးရွက်ကြီးထွက်ပစ္စည်းကို ပြုပြင်မွမ်းမံ၍ နီကိုတင်းဓာတ်မြင့်မားစွာ ပါဝင်အောင် စီစဉ်ထားတဲ့ ကွမ်းစားဆေး အမျိုးမျိုး၏ အန္တရာယ်ကြောင့်ရောဂါဆိုးများဖြစ်ပွားနိုင်သည်ကိုလည်းသတိပြုအပ်ပါတယ်။

"ကျွန်တော်တို့ နိုင်ငံမှာ မကြာခင်ကပဲ ဆေးလိပ်နဲ့ဆေးရွက်ကြီး ဥပဒေသစ် ပေါ်ထွန်းပြဋ္ဌာန်းလာပါပြီ။ ဒါဟာ ပြည်သူ့ကျန်းမာရေး စောင့်ရှောက်မှုအတွက် အထူးအားရစရာပါ။ ပြည်သူတစ်ဦးချင်းအနေနဲ့ကတော့ကျန်းမာရေးအသိရှိစွာဖြင့် ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများအန္တရာယ်က ဂရုပြုရှောင်ရှားခြင်းဖြင့် ကျန်းမာကြံ့ခိုင်သော နိုင်ငံအကျိုးပြု လူမှုအသိုင်းအဝိုင်းသစ်ထူထောင်နိုင်ကြပါစေကြောင်း ဆန္ဒပြုလိုက်ပါတယ်"။ ။

ဂျိုးဖြူရေပိုက်လိုင်း ရေပြန်လည်ပေးဝေ

ရန်ကုန် မေ ၃၀

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ရန်ကုန်မြို့တော်သို့ နေ့စဉ်ရေများ ဖြန့်ဖြူးနေသော ဂျိုးဖြူ ဖူးကြီး၊ ငမိုးရိပ်၊ လှော်ကား ရေပေးဝေရေးစခန်းများအနက် ဂျိုးဖြူ ရေပိုက်လိုင်းကို ကြံ့ခိုင်မှု ပိုမိုပြည့်စုံနိုင်ရန် မေ ၂၈ရက်မှ ၃၀ ရက်အထိ ပြုပြင်ရန်သတ်မှတ်ခဲ့သော်လည်း ကော်မတီဝင် ဦးကျော်စိုး၊ အင်ဂျင်နီယာဌာန(ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဒေါက်တာထွန်းသန်းထွန်းတို့၏ ကြီးကြပ်မှုဖြင့် ၂၄ နာရီအတွင်း ပြုပြင်နိုင်ခဲ့သဖြင့် မေ ၂၉ ရက် ညပိုင်းမှစ၍ ဂျိုးဖြူရေပိုက်လိုင်းမှ ရေပုံမှန်ပြန်လည်ပေးဝေနေကြောင်း သိရသည်။

(ကြေးမုံ)

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

(၃၁–၅–၂၀၀၆)

World No-Tobacco Day

(31-5-2006)

"ဆေးလိပ်ဆေးရွက်ဆွဲဆောင်အား၊ အသက်အန္တရာယ်သတိထား တွန်းလှန်နိုင်ဖို့ ဒို့ကြိုးစား"

Tobacco;deadly in any form or disguise

ကျန်းမာရေးဝန်ကြီးဌာန



မုတ်သုံလေအားကောင်းမည်

၂၀၀၆ခုနှစ်၊ မေ ၃၀ ရက် မွန်းလွဲ ၂ နာရီအချိန် ထုတ်ပြန်ချက် ယနေ့နံနက် ၀၉:၃၀ နာရီအထိ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်

လွန်ခဲ့သော ၂၄ နာရီ အတွင်းက ကယားပြည်နယ်နှင့် မကွေးတိုင်းတို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ဧရာဝတီတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာကျဲကျဲ၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် ရန်ကုန်တိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာခဲ့ပြီး ရခိုင်ပြည်နယ်တွင် ဒေသအလိုက်နှင့် စစ်ကိုင်းတိုင်းအထက်ပိုင်းတွင် နေရာကွက်၍ မိုးကြီးခဲ့သည်။ **မှတ်သားဖွယ်ရာ မိုးရေချိန်များ**မှာ ကျောက်တော်မြို့တွင် ၈ ဒသမ ၁၅ လက်မ၊ ခန္တီးမြို့တွင် ၄ ဒသမ ၆၄ လက်မ၊ ကျောက်ဖြူမြို့တွင် ၃ ဒသမ ၁၉ လက်မ၊ မောင်တောမြို့တွင် ၃ ဒသမ ၁၅ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၆၉လက်မ၊ စစ်တွေမြို့တွင် ၁ ဒသမ ၄၁ လက်မ၊ မြစ်ကြီးနားမြို့တွင် ၁ ဒသမ ၃၈ လက်မနှင့် ကျောက်ဆည်မြို့တွင် ၁ဒသမ ၃၄ လက်မတို့ ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ

ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် မုတ်သုံလေအားကောင်းနေပြီး ကျန်ဘင်္ဂလား ပင်လယ်အော်တွင် အများအားဖြင့် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

၂၀၀၆ ခုနှစ် မေ ၃၁ ရက် ညနေအထိ ခန့်မှန်းချက်

ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအထက်ပိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာအနှံ့အပြား၊ ရှမ်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ ပဲခူးတိုင်း၊ ရန်ကုန်တိုင်းနှင့် ဧရာဝတီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာပြီး ရခိုင်ပြည်နယ်တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် ရခိုင်ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင် မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ အထိ တိုက်ခတ် နိုင်သည်။ ကျန်မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မုတ်သုံလေအားကောင်းမည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန် ၃၁ ဒသမ ၉ ဒီဂရီစင်တီဂရိတ် (၈၉ ဒီဂရီဖာရင်ဟိုက်)	**၂၉–၅–၂၀၀၆**
အနိမ့်ဆုံးအပူချိန် ၂၁ ဒသမ ၁ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်)	**၃၀–၅–၂၀၀၆**
၀၉:၃၀နာရီအချိန် စိုထိုင်းဆ ၈၅ ရာခိုင်နှုန်း	**၃၀–၅–၂၀၀၆**
နေပူသည့်နာရီပေါင်း ၅ ဒသမ ၅ နာရီခန့်	**၂၉–၅–၂၀၀၆**

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၃၀–၅–၂၀၀၆	(၀ဒသမ၃၁လက်မ)	(၀ဒသမ၇၁လက်မ)	(၀ဒသမ၅၈လက်မ)
၁–၁–၂၀၀၆မှ ယနေ့အထိ	(၁၄ဒသမ၇၆လက်မ)	(၁၈ဒသမ၇၀လက်မ)	(၁၉ဒသမ၇၂လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၂၉–၅–၂၀၀၆ နေ့၁၄:၁၅ နာရီအချိန်တွင် အရှေ့ဘက်မှ တစ်နာရီ ၁၅ မိုင်နှုန်း တိုက်ခတ်သည်။

ပညာရေးဝန်ကြီးဌာန

ကျောင်းအပ်နှံရေးသီတင်းပတ်

မေလ ၂၅ရက်မှ ၃၁ရက်အထိ

ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး ပြည်သူအားလုံး ပါဝင်ဆောင်ရွက်ပေး

၂၀၀၆–၂၀၀၇ ပညာသင်နှစ်

ကျောင်းအပ်နှံရေး သီတင်းပတ်

မေလ ၂၅ရက်မှ ၃၁ရက်အထိ

မြို့နယ်ကျောင်းအပ်နှံရေးနေ့မှစ၍ ကျောင်းသုံး ဖတ်စာအုပ်များကို ကျောင်းများတွင် ရောင်းချပေးမည်။

ပညာရေးဝန်ကြီးဌာန

အင်တာနက်သတင်း

အစားအသောက်မျှတမှန်ကန်စွာ မစားသုံးလျှင် ဆေးလိပ်သောက်သကဲ့သို့ပင် ကျန်းမာရေးကို ထိခိုက်နိုင်

အမ်စတာဒမ် မေ ၃၀

ငါး၊ သစ်သီးနှင့် ဟင်းသီးဟင်းရွက် လုံလောက်စွာမစားသုံးလျှင် ဆေးလိပ်သောက်သုံးသကဲ့သို့ပင် ကျန်းမာရေးကို ထိခိုက်စေနိုင်သည်ဟု နယ်သာလန်နိုင်ငံမှပြုစုသော လေ့လာချက်တစ်ခုတွင် ဖော်ပြထားသည်။

နယ်သာလန်တွင် တွေ့ရသော ဆိုးရွားသည့် ကျန်းမာရေးပြဿနာ အချို့နှင့် သေဆုံးရသောအကြောင်းရင်း အတော်များများမှာ အာဟာရ စားသုံးမှုအပိုင်းတွင် မှန်ကန်မျှတမှု မရှိခြင်းကြောင့် ဖြစ်ပေါ်ရသည်ကို တွေ့ရသည်ဟု ဆိုသည်။

အစားအသောက် မှန်ကန်မျှတစွာ မစားသုံးခြင်းသည် ရောဂါဘယဖြစ်မှု၊ သေဆုံးမှု၊ မသန်မစွမ်းဖြစ်မှု စသော ဒုက္ခများကိုဖြစ်ပေါ်စေသည်။ ထိုအခြေအနေသည် ဆေးလိပ်သောက်သုံးမှုကြောင့် ကြုံတွေ့ရသော ဝေဒနာမျိုးများကို ဖြစ်ပေါ်စေနိုင်သည်ဟု ဒတ်ချ် အမျိုးသားတက္ကသိုလ် ပြည်သူ့ကျန်းမာရေးနှင့် ပတ်ဝန်းကျင်ဌာန (RIVM) က ထုတ်ဖော်ပြောကြားသည်။

အစားအသောက် မျှတစွာ မစားသုံးခြင်းသည် လူတစ်ဦး၏ မျှော်မှန်းသက်တမ်းကို တစ်နှစ်မက ပို၍ တိုသွားစေနိုင်ပြီး အဝလွန်ခြင်းသည် လူ့သက်တမ်းကို တစ်နှစ်နီးပါး တိုစေနိုင်သည်ဟု ဆိုသည်။

ကျန်းမာရေးကို အထောက်အကူဖြစ်စေသော သစ်သီးနှင့် ဟင်းသီး ဟင်းရွက်များ။ *(ဓာတ်ပုံ-အင်တာနက်)*

နယ်သာလန်နိုင်ငံ လူဦးရေ၏ ၇၅ ရာနိုင်နှုန်းသည် သစ်သီးနှင့် ဟင်းသီးဟင်းရွက်များကို စားသုံးရာ၌ သတ်မှတ်စံချိန်ထက် လျော့၍ စားသုံးနေကြသည်ကို တွေ့ရကြောင်း ဖော်ပြထားသည်။

အစားအသောက်မျှတစွာ မစားသုံးမှုကြောင့် နှစ်စဉ်နှစ်တိုင်း နယ်သာလန်နိုင်ငံတွင် လူပေါင်း ၁၃၀၀၀ ခန့် သေဆုံးနေရသည်။ မမှန်ကန်မမျှတသော အစားအသောက် ပုံစံကြောင့် ဆီးချိုရောဂါ၊ နှလုံးသွေးကြောရောဂါနှင့် ကင်ဆာရောဂါတို့ ဖြစ်ပွားပြီး သေဆုံးရခြင်းဖြစ်သည် ဟု ဆိုသည်။ ခန္ဓာကိုယ် အဝလွန်မှုကြောင့် သေဆုံးရသူ ဦးရေမှာ ၇၀၀၀ မျှရှိသည်ဟု ဆိုသည်။ နယ်သာလန်နိုင်ငံ၏ လူဦးရေမှာ ၁၆ သန်းရှိသည်။

ထိုနိုင်ငံတွင် အစားအသောက် မသန့် ရှင်းမှုကြောင့်၊ အစားအစာမှ ရသော ရောဂါကြောင့် သေဆုံးရသူ ဦးရေမှာ နှစ်စဉ် ၂၀ မှ ၂၀၀ ဝန်းကျင်တွင်သာရှိသည်ဟု ဆိုသည်။

သို့ဖြစ်၍ အစားအသောက် သန့်ရှင်းမှုထက် အစားအသောက် မျှတမှန်ကန်စွာ စားသုံးတတ်စေရန် ဦးတည် လုပ်ဆောင်သင့်သည်ဟု နယ်သာလန် ကျန်းမာရေးဌာနက တိုက်တွန်းထားသည်။

ပြည့်ဝအဆီများနှင့် ထရန့်ဖက်တီး အက်ဆစ်ဓာတ်များကို စားသုံးမှု လျှော့ချပြီး ငါး၊ သစ်သီးနှင့် ဟင်းသီး ဟင်းရွက်များကို စားသုံးခြင်းဖြင့် ကျန်းမာရေး ပိုမိုပြည့်စုံ ကောင်းမွန်စေနိုင်ကြောင်း တင်ပြထားသည်။

ပြည့်ဝအဆီမျိုးများနှင့် ထရန့် ဖက်တီး အက်ဆစ်ဓာတ်များသည် တိရစ္ဆာန်အဆီများ၊ အုန်းဆီနှင့် စားအုန်းဆီများတွင် များစွာပါဝင်သည်။ နယ်သာလန်နိုင်ငံသားများ၏ အသားစားသုံးမှုမှာလည်း လူတစ်ဦးတစ်နှစ်လျှင် ၈၅ ကီလိုဂရမ်မျှ စားသုံးသည်။ ထိုနှုန်းသည် ကမ္ဘာက လက်ခံထားသော ပျမ်းမျှ အသားစားသုံးမှုထက် ၅၀ ရာခိုင်နှုန်း ပိုမိုများပြားနေသည်ဟု ဆိုသည်။ ***အင်တာနက်။***

ပစ္စည်းလွှဲပြောင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲဖွင့်

ရန်ကုန် မေ ၃၀

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန၊ ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေး အဖွဲ့နှင့် ဩစတြေးလျနိုင်ငံ ငွေကြေးနှင့် ပစ္စည်းလွှဲပြောင်းမှု သတင်းပို့ချက်များ စိစစ်ရေး ဗဟိုဌာနတို့ ပူးတွဲကျင်းပသည့် ပစ္စည်းလွှဲပြောင်းခြင်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲသင်တန်း ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်း စိမ်းလဲ့မေရိပ်သာရှိ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးဝင်းကြည် တက်ရောက်၍ အဖွင့်အမှာစကား ပြောကြားသည်။

ယင်းနောက် ငွေကြေးဆိုင်ရာ စုံစမ်းထောက်လှမ်းရေးအဖွဲ့မှ အဖွဲ့ခေါင်းဆောင် ရဲမှူးကြီးစစ်အေးနှင့် ဩစတြေးလျနိုင်ငံ ငွေကြေးနှင့်ပစ္စည်း လွှဲပြောင်းမှုသတင်းပို့ချက်များ စိစစ်ရေး ဗဟိုဌာနမှ ကျွမ်းကျင်ပညာရှင် Mr. Lindsay Chan တို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး အလုပ်ရုံဆွေးနွေးပွဲသင်တန်းကို ဆက်လက်ကျင်းပသည်။ (သတင်းစဉ်)

လှူဒါန်း

မော်လမြိုင်မြို့နယ်အသင်း နာယက ဒုတိယဗိုလ်မှူးကြီးလှတင်(ငြိမ်း) အား ရည်စူး၍ ဒေါ်ရီရီတင် မိသားစုက မေ ၂၆ ရက်တွင် မော်လမြိုင်မြို့ တောင်ဝိုင်း ဘိုးဘွားရိပ်သာအတွက် အလှူငွေကျပ် ၁၀ သိန်းပေးအပ်လှူဒါန်းရာ ဘိုးဘွားရိပ်သာ စောင့်ရှောက်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခွေးလေးနှင့် အမှုဆောင်များ လက်ခံယူစဉ်။ (၂၅၇)

အင်းစိန်မြို့ ဒညင်းကုန်းရပ်ကွက် အောက်မင်္ဂလာဒုံလမ်းနေ ကွယ်လွန်သူ ဦးလှမောင်-ဒေါ်လှအေးတို့အား ရည်စူး၍ ဦးတင်ဦး-ဒေါ်သန်းမြင့်တို့က အလှူငွေကျပ် တစ်သိန်းကို အင်းစိန်မြို့ ကွက်သစ် မာလာရာမဘုန်းတော်ကြီးကျောင်းဝင်းရှိ စိန်ရတနာ နာရေးကူညီမှုအသင်းသို့ လှူဒါန်းရာ အသင်းဥက္ကဋ္ဌ ဦးမြသင်းနှင့် တွဲဖက်စာရင်းစစ် ဦးသန်းဌေးတို့ လက်ခံရယူပြီး ဂုဏ်ပြုလွှာ ပြန်လည်ပေးအပ်စဉ်။ (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၃၁-၅-၂၀၀၆ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**

၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့

၇:၃၀ ၃။ နံနက်ခင်းသတင်း

၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး

၇:၅၀ ၅။ အတီးပြိုင်ပွဲ

၈:၀၀ ၆။ မြူးမြူးကြွကြွယဉ်ကျေးမှုအက

၈:၁၀ ၇။ အဆိုပြိုင်ပွဲ

၈:၂၀ ၈။ ယူးချောင်းတံတား

၈:၃၀ ၉။ International News.

၈:၄၅ ၁၀။ Let's Go.

၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး

၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ

၄:၃၀ ၃။ Practice In Reading

၄:၄၀ ၄။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ ပထမနှစ် (သတ္တဗေဒအထူးပြု) (သတ္တဗေဒ)

၄:၅၀ ၅။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာ တေးသံသာ

၅:၀၅ ၆။ မြန်မာစာ၊မြန်မာစကား

၅:၂၀ ၇။ သီချင်းကြီးပဒေသာ

၅:၃၀ ၈။ **"အဲဒီမှာစတွေ့တာပဲ" (မင်းအုပ်စိုး၊ငှက်ပျော်ကြော်၊ မြတ်ကေသီအောင်၊ နှင်းဝတ်ရည်သောင်း) (ဒါရိုက်တာ-မင်းအုပ်စိုး)**

၅:၃၅ ၉။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်

၅:၄၅ ၁၀။ ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ တေးများ

၆:၀၀ ၁၁။ ညနေခင်းသတင်း

၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ

၆:၃၅ ၁၃။ သုတစုံလင်ရွှေဉာဏ်ရှင်

၇:၀၅ ၁၄။ **"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ" (လွင်မိုး၊မင်းမော်ကွန်း၊ဇာနည်၊ ကင်းကောင်၊စိုးမြတ်နန္ဒာ၊ လှအဥ္ဇလီတင့်၊ကြည်လဲ့လဲ့ဦး၊ ဝွမ်းပုံ)**

၇:၁၅ ၁၅။ တေးဂီတအစီအစဉ်

၇:၃၀ ၁၆။ ကြားမြင်သုတပြည့်ဝစေရာ စာပဒေသာ

၇:၄၅ ၁၇။ ဝင့်ထည်တိုးပွား ဆားလင်းကြီးရဲ့စွမ်းအား

၈:၀၀ ၁၈။ ပြည်တွင်းသတင်း

၁၉။ နိုင်ငံတကာသတင်းများ

၂၀။ မိုးလေဝသအခြေအနေ

၂၁။ လပတ်မိုးလေဝသနှင့် ဇလဗေဒရည်မှန်းချက်

၂၂။ **၂၀၀၅ခုနှစ်၊ တေရသမအကြိမ် (၁၃ကြိမ်)မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊အက၊အရေး၊ အတီးပြိုင်ပွဲ(ရုပ်သေး) "မင်းကုသဇာတ်တော်ကြီး" (စစ်ကိုင်းတိုင်း)**

၂၃။ နောက်တစ်နေ့အစီအစဉ်

၂၄။ အစီအစဉ်ပြီး၏။

ပြည်ပအားကစားသတင်းများ

ဆုကြေးစား ဘောလုံးသမားစိတ်ဓာတ်မွေးရန် ဂျပန်လက်ရွေးစင်အသင်းကို တိုက်တွန်း

တိုကျို မေ ၃၀

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အကြို အိမ်ရှင်ဂျာမနီနိုင်ငံ အသင်းနှင့် ချစ်ကြည်ရေးခြေစမ်းပွဲ ယှဉ်ပြိုင်ကစားရာတွင် မိမိ၏အသင်း အနိုင်ရရှိရေးအတွက် အလေးအနက်ထားကြရန် ဂျပန်ကွင်းလယ်ကစားသမားအိုက်တိုးရှိ နာကာတာက ၎င်း၏အသင်းဖော်များအား တနင်္လာနေ့တွင် တိုက်တွန်းလိုက်သည်။

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကျင်းပရန် ရက်အနည်းငယ်မျှသာလိုတော့ချိန်တွင် ဂျပန်ဘောလုံးအသင်းအနေဖြင့် စိတ်အေးလက်အေး ပေါ့ပေါ့ပါးပါး မနေကြဘဲ ဆုကြေးစားစိတ်ဓာတ်မျိုးမွေးကာ အလေးအနက်ရှိကြရန် မိမိတိုက်တွန်းကြောင်း ဝါရင့်ဘောလုံးသမားနာကာတာက ကျိုဒိုသတင်းအေဂျင်စီသို့ ပြောကြားသည်။

ဂျပန်လက်ရွေးစင် ဘောလုံးအသင်းသည် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲအတွက် မည်သည့်အတိုင်းအတာအထိ အသင့် ဖြစ်၊ မဖြစ် ချစ်ကြည်ရေးခြေစမ်းပွဲများတွင် ထောက်ချင့်သိရှိနိုင်ကြောင်း နာကာတာက လေ့ကျင့်ရေးကွင်းတွင် လေ့ကျင့်မှုများပြုလုပ်ခဲ့ပြီးနောက် ပြောကြားသည်။

ပြိုင်ပွဲဝင်ပုံစံ

ဂျပန်လက်ရွေးစင် ဘောလုံးအသင်းသည် ဂျာမနီအသင်းနှင့် ခြေစမ်းပွဲကစားရာတွင် ပြိုင်ပွဲဝင်ပုံစံကို စမ်းသပ်မှုများပြုလုပ်မည်ဖြစ်သည်။ ဂျာမနီအသင်းမှ ကွင်းလယ်ကစားသမား မိုက်ကယ်ဘောလက်နှင့် နောက်တန်းကစားသမား ရောဘတ်ဟုတ်တို့သည် ခြေကျင်းဝတ်ဒဏ်ရာရရှိထားခြင်းကြောင့် ချစ်ကြည်ရေးခြေစမ်းပွဲများတွင် ပါဝင်ကစားနိုင်မည်မဟုတ်ဟု မျှော်လင့်ရသည်။

ဂျပန်အသင်းသည် ဂျာမနီနိုင်ငံ လီဗာကူဆင်မြို့တွင် အင်္ဂါနေ့၌ ချစ်ကြည်ရေးခြေစမ်းပွဲအဖြစ် ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဂျပန်အသင်းသည် အုပ်စု(စ) အဖွင့်ပွဲအဖြစ် ဇွန် ၁၂ရက်တွင် ကိုင်ဇာလော်တန်မြို့တွင် ဩစတြေးလျအသင်းနှင့် မကစားမီတွင် လာမည့်တနင်္ဂနွေနေ့တွင် ဒူဆယ်ဒေါ့ဖ်မြို့၌ မော်လ်တာအသင်းနှင့် ခြေစမ်းပွဲကစားမည်ဖြစ်သည်။ ***အင်တာနက်။***

အင်္ဂလန်အသင်း ဂိုးရရှိအောင် ကွင်းလယ်သမားများ ပံ့ပိုးပေးမည်

မန်ချက်စတာ(အင်္ဂလန်) မေ ၃၀

ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် ဝိန်းရူနီ ပါဝင်ကစားနိုင်ခြင်းမရှိသည့်တိုင်အောင် မိမိနှင့် စတီဗင်ဂျရတ်တို့၏ ကွင်းလယ်ကစားကွက် ပူးပေါင်းဆောင်ရွက်မှုနှင့်အတူ အင်္ဂလန်အသင်း ဂိုးများရရှိနိုင်မည်ဟု မိမိယုံကြည်ကြောင်း ဖရန့်ခ်လမ်းပတ်က တနင်္လာနေ့တွင် ပြောကြားသည်။

ဝေဖန်ပြောဆို

ဂျာမနီနိုင်ငံတွင်ကျင်းပသည့် ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲတွင် အင်္ဂလန်အသင်းအတွက် ဂိုးသွင်းနိုင်သည့်အခွင့်အရေးများ နည်းပါးနိုင်ကြောင်း ပီတာခရပ်ချ်နှင့် မိုက်ကယ်အိုဝင်တို့၏ တိုက်စစ်အတွဲများ ထိထိမိမိရှိနိုင်မည်မဟုတ်ကြောင်း ဝေဖန်ပြောဆိုမှုများ ပေါ်ထွက်ခဲ့ပြီးနောက် လမ်းပတ်က အထက်ပါအတိုင်း တုံ့ပြန်ပြောကြားလိုက်ခြင်းဖြစ်သည်။

တိုက်စစ်မှူး ပီတာခရပ်ချ်သည် အတွေ့အကြုံမရှိသူဖြစ်ကြောင်း၊ ၎င်းသည် အင်္ဂလန်အသင်းအတွက် ငါးပွဲမျှသာကစားခဲ့ဖူးပြီး တစ်ဂိုးသာသွင်းပေးနိုင်ခဲ့ကြောင်း၊ နယူးကာဆယ် ရှေ့တန်းကစားသမား အိုဝင်မှာ ခြေထောက်ဒဏ်ရာရရှိမှုကြောင့် ဘောလုံးရာသီ၏ ပွဲစဉ်အများစုတွင် ပါဝင်ကစားနိုင်ခြင်းမရှိခဲ့ဘဲ ကျန်းမာရေးအရ တောင့်တင်းခိုင်မာမှုရှိသည့် အနေအထားကို မကြာမီကမှ ပြန်လည်ရရှိလာခဲ့ကြောင်း ဝေဖန်မှုများပေါ်ထွက်ခဲ့သည်။ ***အင်တာနက်။***



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲဝင်အသင်းများ၏ ပုံရိပ်လွှာ

အာဂျင်တီးနားပုံစံဖြင့် ကစားမည့် ဆော်ဒီအာရေဗျ



ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ အကြို

ဂမ်ဆိုင်း

ဆော်ဒီအာရေဗျ အသင်းသည် ၂၀၀၆ ကမ္ဘာ့ဖလား ခြေစစ်ပွဲကို ဖြောင့်ဖြောင့်ဖြူးဖြူးဖြင့် အောင်ခဲ့သည်။ ယခုအကြိမ် အပါအဝင် လေးကြိမ်ဆက်တိုက် ကမ္ဘာ့ဖလား ပြိုင်ပွဲသို့ ဝင်ခွင့်ရခြင်းဖြစ်သည်။ ခြေစစ်ပွဲ ၁၂ပွဲကစားရာတွင် တစ်ပွဲမှ မရှုံးခဲ့ချေ။ ၂၀၀၂ ခုနှစ် ကမ္ဘာ့ဖလား ပြိုင်ပွဲတွင် စတုတ္ထရရှိခဲ့သော တောင်ကိုရီးယားအသင်းကိုပင် နှစ်ပွဲစလုံး အနိုင်ကစားခဲ့သည်။ ပထမအဆင့် ခြေစစ်ပွဲတွင် ဆော်ဒီသည် အင်ဒိုနီးရှား၊ သီရိလင်္ကာ၊ တာမင်နစ္စတန် အသင်းများနှင့် အသွားအပြန်ခြောက်ပွဲ ကစားရသည်။ ပွဲအားလုံး အနိုင်ရသည်။ ဒုတိယအဆင့် ခြေစစ်ပွဲသည် အလေးထား လုပ်ဆောင်ရမည့် လုပ်ငန်းတစ်ခု ဖြစ်သည်ကို နားလည်ကြသည်။ ပထမအဆင့် ခြေစစ်ပွဲကဲ့သို့ပင် အလေးထားကစားကြသည်။

၂၀၀၅ ခုနှစ် ဖေဖော်ဝါရီလတွင် ဆော်ဒီသည် ဥဇဘက်ကစ္စတန်နှင့် ကစားရသည်။ ဥရောပတွင် ကစားနေသော တိုက်စစ်မှူး အလီဂျောဘာလည်း ပါဝင်ကစားခဲ့သည်။ သူသွင်းပေးသော ချေပဂိုးကြောင့် ဥဇဘက်ကစ္စတန်နှင့် တစ်ဂိုးစီသရေကျသည်။ မတ်လတွင် တောင်ကိုရီးယားနှင့် ကစားရသည်။ ၂–၀ ဖြင့် နိုင်သည်။ ၂၀၀၄ ခုနှစ် အေ အက်(ဖ်) စီ အာရှဖလားပြိုင်ပွဲ ပြီးသည်နောက် အကောင်းဆုံးခြေစွမ်းဟု ပြောရမည်။ ဇွန် ၈ ရက်မှာ ဥဇဘက်ကစ္စတန်နှင့် ဒုတိယအကျော့ ပြန်ကစားရသည်။ ၃–၀ ဖြင့် နိုင်သည်။ ခြေစစ်ပွဲအောင်ရန် သေချာသွားပြီ ဖြစ်သည်။ နောက်နှစ်လအကြာတွင် တောင်ကိုရီးယားနှင့် ထပ်ကစားရသည်။ တစ်ဂိုး–ဂိုးမရှိဖြင့် နိုင်သည်။

ဆော်ဒီအာရေဗျအသင်းသည် ၁၉၈၄၊ ၁၉၈၈၊ ၁၉၉၆ ခုနှစ်များတွင် အာရှချန်ပီယံဖြစ်ခဲ့ဖူးသည်။ ဤအောင်မြင်မှုများက ပရော်ဖက်ရှင်နယ်လမ်းကြောင်းပေါ်သို့ ရောက်ရှိအောင် တွန်းလိုက်ခြင်းဖြစ်သည်။ ထို့အပြင် ၁၉၉၄ ခုနှစ် အမေရိကန် ကမ္ဘာ့ဖလားပြိုင်ပွဲသို့လည်း ပထမဆုံးအကြိမ် ဝင်ရောက်ကစားခွင့်ရသည်။

ဆော်ဒီအာရေဗျဘောလုံးအသင်း နည်းပြ ဂတ်ဘ်ဘရီးရဲလ်ကော်လ်ဒရွန်။

ပထမအဆင့် အုပ်စုပတ်လည်တွင် ဆော်ဒီသည် မော်ရိုကိုနှင့် ဘယ်လ်ဂျီယံ အသင်းကို အနိုင်ရသည်။ ပရိသတ်၏ အထင်ကြီး လေးစားမှုကို ရရှိသည်။ ဒုတိယအဆင့် ရှုံးထွက်ပြိုင်ပွဲတွင် ဆွီဒင်နှင့် ကစားရသည်။ ၃–၁ ဖြင့် ရှုံးပြီး အိမ်ပြန်ခဲ့ရသည်။

ပထမဆုံး ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသော ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆော်ဒီသည် မေ့မရသော အကြောင်းအရာကလေးများဖြင့် စတင်ခဲ့သည်။ နောက်ပိုင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့သော ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဆော်ဒီသည် အခြေမလှဘဲဖြစ်ရသည်။ ၁၉၉၈ ခုနှစ် ပြင်သစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ပြင်သစ်၊ ဒိန်းမတ်၊ တောင်အာဖရိကတို့နှင့် တစ်အုပ်စုတည်း ကျသည်။ ပြင်သစ်၊ ဒိန်းမတ်တို့ကို ရှုံးပြီး တောင်အာဖရိကနှင့် သရေကျသည်။ ၂၀၀၂ခုနှစ် တောင်ကိုရီးယား–ဂျပန် ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ဂျာမနီ၊ အိုင်ယာလန်၊ ကင်မရွန်းတို့နှင့် ကစားရသည်။ ပွဲဦးထွက် ဂျာမနီနှင့် ပွဲ၌ ၈–၀ဖြင့် ရှုံးသည်။ ကင်မရွန်းကို တစ်ဂိုး–ဂိုးမရှိ၊အိုင်ယာလန်ကို ၃–၀ ဖြင့် ရှုံးသည်။

လက်ရှိ ဆော်ဒီနည်းပြဆရာ ဂတ်ဘ်ဘရီးရဲလ်ကော်လ်ဒရွန်သည် အာဂျင်တီးနား လက်ရွေးစင်ဟောင်း ဖြစ်သည်။ အာရှဖလားပြိုင်ပွဲတွင် ဆော်ဒီအသင်း အခြေအနေမကောင်းသောကြောင့် ဒတ်ချ်လူမျိုး နည်းပြဆရာ ဂျာရတ်မန်ဒါလမ်းကို ထုတ်ပစ်လိုက်သည်။ ကော်ဒရွန်ဖြင့် အစားထိုးသည်။ နည်းပြပထမဦးဆုံးလုပ်သော လုပ်ငန်းမှာ အသင်း၏စိတ်ဓာတ် မြင့်တက်လာအောင် လုပ်ဆောင်ခြင်း ဖြစ်သည်။ ဒုတိယဆောင်ရွက်ရသော လုပ်ငန်းမှာ အာဂျင်တီးနားပုံစံ တိုက်စစ်ဆင် ကစားတတ်အောင် လေ့ကျင့်ပေးခြင်းဖြစ်သည်။ ၁၉၉၄ ခုနှစ် ကမ္ဘာ့ဖလားပြိုင်ပွဲတွင်လည်း ဂျော့ဆိုလာရီသည် အာဂျင်တီးနား တိုက်စစ်ပုံစံ လေ့ကျင့်ပေးဖူးသည်။

ကော်ဒရွန်၏ ဆော်ဒီအသင်းမှာ လူကြီးလူငယ် ပေါင်းစပ်ထားသည်။ ထင်ရှားအောင်ပြရလျှင် ရှေ့တန်းတွင် ကစားနေသော အလီဂျက်ဘာနှင့် ယာဆာအလီကွာတန်နီတို့ဖြစ်သည်။ အလီဂျက်ဘာသည် အသက် (၃၄)နှစ် ရှိပြီဖြစ်သည်။ အလီကွာတန်နီမှာ (၂၄) နှစ်သာ ရှိသေးသည်။ သူသည် ဆော်ဒီ၌ ပြောင်းရွှေ့ကြေး အမြင့်မားဆုံးရထားသော ဘောလုံးသမားဖြစ်သည်။ သူ၏ပြောင်းရွှေ့ကြေးမှာ ဒေါ်လာ၁၀ သန်းရှိသည်။ နည်းပြဆရာကော်ဒရွန်သည် အလီဂျက်ဘာကို လွန်ခဲ့သော နှစ်နှစ်ကျော်ခန့်က ပြန်ခေါ်ထားသည်။ ခြေစစ်ပွဲကာလတွင် အလီဂျက်ဘာသည် သုံးဂိုးသွင်းပေးခဲ့သည်။ ထို့ကြောင့် ဆော်ဒီဘောလုံးလောက၌ သူ့အား ယနေ့တိုင် လေးစားဆဲဖြစ်သည်။ ။

ဆော်ဒီအာရေဗျနိုင်ငံ လက်ရွေးစင် ဘောလုံးအသင်းအား တွေ့ရစဉ်။

နှစ်ဖက်သော ဘိုးဘွားမိဘများအား အမှူးထား၍ ရန်ကုန်မြို့ ပုဇွန်တောင်မြို့နယ် (၄၉)လမ်းနေ ဦးလှမြတ်အောင်–ဒေါ်မြင့်မြင့်ဝေတို့၏ သမီးကြီး မရွှေဆုမြတ် (၁၈)နှစ်ပြည့်မွေးနေ့အလှူအဖြစ် ဒဂုံမြို့နယ် စကားဝါလမ်း မင်းကွန်းဆရာတော်ကြီး၏ တိပိဋက တိုးချဲ့ခြောက်ထပ်ကျောင်းတော်ကြီး အတွက် အလှူတော်ငွေ ကျပ်ငါးသိန်းကို အနုနာယကဆရာတော် ဘဒ္ဒန္တပဏ္ဍိစ္စထံ ရေစက်ချအနုမောဒနာတရားနာယူပြီး တိ–နိ(ရန်ကုန်ဌာန) အုပ်ချုပ်ရေးမှူး ဦးထွန်းမြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြင်သစ်နိုင်ငံ ပါရီမြို့ ထေရဝါဒဗုဒ္ဓသာသနာပြု မြန်မာကျောင်းတော်ကြီး ဖြစ်မြောက်ရေးအတွက် မြိတ်မြို့မှ ကွယ်လွန်သူမိဘနှစ်ပါးအား ရည်စူး၍ ဒုတိယဗိုလ်မှူးကြီးခင်မောင်ဝင်း–ဒေါ်ယုယုဝင်း၊ သားသမီးမြေးတစ်စုက ငွေကျပ် ၁၀၀၀၀၀ ကို အတွင်းရေးမှူး ဦးမောင်မောင်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကွယ်လွန်သူ ဖခင်ကြီး ဦးညွန့်စိန်နှင့် မိခင်ကြီး ဒေါ်သန်းညွန့်တို့အား ရည်စူး၍ ရန်ကုန်မြို့ ကြည့်မြင်တိုင်မြို့နယ် အထက်ကြည့်မြင်တိုင်လမ်းနေ ဦးသင်းအောင်–ဒေါ်လှလှကျင်နှင့် မောင်နှမတစ်စုက ဗဟန်းမြို့နယ် ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ သံဃာ၊ သီလရှင်များအတွက် တစ်နေ့တာ ဆွမ်းအလှူငွေ ကျပ်နှစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ တွဲဖက်အတွင်းရေးမှူး(၂) ဒုတိယဗိုလ်မှူးကြီးဘဉာဏ်(ငြိမ်း) လက်ခံယူစဉ်။ (က–ပ)

မွန်ပြည်နယ် သံဖြူဇရပ်မြို့ ကရုပ်ပိကျေးရွာနေ ဦးထွန်းရှိန်–ဒေါ်ငွေကြည် မိသားစုက သင်္ဃန်းကျွန်းမြို့နယ် (၁၆/၂)ရပ်ကွက် ဗြဟ္မဝိဟာရပရိယတ္တိစာသင်တိုက်ရှိ နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ အလှူငွေကျပ်နှစ်သိန်းကို ရန်ကုန်မြို့ အောင်ရတနာဆေးခန်းတွင် လှူဒါန်းရာ တွဲဖက်အတွင်းရေးမှူး(၁) ဒေါ်သန်းမြင့်အောင် လက်ခံ၍ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

စီးပွားဖြစ် သစ်ခွစိုက်ပျိုးနည်းသင်တန်း ဖွင့်မည်

ရန်ကုန် မေ ၃၀

မြန်မာနိုင်ငံ ပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် စီးပွားဖြစ် သစ်ခွစိုက်ပျိုးနည်း သင်တန်း အမှတ်စဉ်(၁/၂၀၀၆)ကို ဇွန် ၁၂ ရက်မှ ၂၃ ရက်အထိ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအတွင်း သင်တန်းသား၊ သင်တန်းသူ ၅၀ ဖြင့် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ်ခန်းမဆောင်၌ ဖွင့်လှစ်ရန် စီစဉ်ထားသည်။

တက်ရောက်နိုင်

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများအတွက် တစ်ဦးလျှင် ကျပ် ၈၀၀၀ စီ၊ ပြင်ပပုဂ္ဂိုလ်များအတွက် တစ်ဦးလျှင် ကျပ် ၉၀၀၀ စီ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း–၃၇၉၃၆၁ သို့ ဆက်သွယ်တက်ရောက်နိုင်သည်။ (၄၅)

ဆိပ်ကမ်းမြို့နယ် ကဏန်းလုပ်ငန်း စည်းကမ်းထိန်းသိမ်းရေးနှင့် ကြီးကြပ်မှု ကော်မတီ လက်အောက်ရှိ ကုန်ကြိုဝန်ထမ်းများအတွက် မိုးရာသီထောက်ပံ့ကြေးငွေ ပေးအပ်ပွဲကို မေ ၂၆ ရက်က ကျင်းပရာ ဆိပ်ကမ်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးသိန်းဇော် ကုန်ကြိုဝန်ထမ်း ၃၀ အတွက် ထောက်ပံ့ကြေးငွေ ကျပ် ၁၅၀၀၀၀ကို ပေးအပ်စဉ်။ (က–ပ)

၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့် ဥပဒေပြဋ္ဌာန်း

ပြည်ထောင်စုမြန်မာနိုင်ငံတော်
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို
ပြင်ဆင်သည့်ဥပဒေ
(နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ
ဥပဒေအမှတ် ၆/၂၀၀၆)
၁၃၆၈ ခုနှစ်၊ နယုန်လဆန်း ၄ ရက်
(၂၀၀၆ ခုနှစ် မေလ ၃၀ ရက်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်–

၁။ ဤဥပဒေကို ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေတွင်–

(က) ပုဒ်မ ၂၊ ပုဒ်မခွဲ(၄)၌ ပါရှိသော "တစ်လလျှင် ကျပ်လေးရာ ထက်မပိုသော" ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရမည်။

(ခ) ပုဒ်မ ၄၊ ပုဒ်မခွဲ(၁)ကို အောက်ပါအတိုင်း အစားထိုးရမည်–

"(၁) အလုပ်ရှင်သည် မိမိ၏အလုပ်ကို တစ်ဆက်တည်း ဆယ့်နှစ်လပြည့်အောင် လုပ်ခဲ့သည့် အလုပ်သမား အသီးသီးအား နောက်လာမည့် ဆယ့်နှစ်လအတွင်းတွင် သက်ဆိုင်ရာ ပျမ်းမျှအခကြေးငွေဖြင့်ဖြစ်စေ၊ ပျမ်းမျှလစာငွေဖြင့်ဖြစ်စေ လုပ်သက်ခွင့်ရက်ကို ဆယ်ရက် တစ်ဆက်တည်း ခွင့်ပြုရမည်။"

(ဂ) ပုဒ်မ ၄၊ ပုဒ်မခွဲ(၂)၌ပါရှိသော "နှစ်ဆယ့်လေးရက်" ဆိုသည့်စကားရပ်ကို "ရက်နှစ်ဆယ်"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေတွင် ပုဒ်မ ၁၂၊ ၁၄၊ ၁၅ နှင့် ၁၆ တို့၌ ပါရှိသော "အင်စပက်တော်" ဆိုသည့် စကားရပ်ကို "စစ်ဆေးရေးအရာရှိ"ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၄။ ၁၉၅၁ ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေတွင် ပုဒ်မ ၁၄၊ ပုဒ်မခွဲ(၁)နှင့် (၂)တို့၌ပါရှိသော "ငါးရာထက်မပိုသော ငွေဒဏ်ကိုဖြစ်စေ" ဆိုသည့်စကားရပ်ကို " ကျပ်ငါးသောင်းထက် မပိုသော ငွေဒဏ်ကိုဖြစ်စေ" ဆိုသည့်စကားရပ်ဖြင့် အသီးသီး အစားထိုးရမည်။

၅။ ၁၉၅၁ခုနှစ်၊ ခွင့်ရက်နှင့် အလုပ်ပိတ်ရက် အက်ဥပဒေပါဇယားတွင်–

(က) အမှတ်စဉ်(၅)၌ ပါရှိသော "သတ္တုတွင်းအက်ဥပဒေ" ဆိုသည့်စကားရပ်ကို "မြန်မာ့သတ္တုတွင်းဥပဒေ"ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

(ခ) အမှတ်စဉ်(၈)ကို ပယ်ဖျက်ရမည်။

(ပုံ) သန်းရွှေ
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ



အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ လားရှိုး အဆင့်မြင့်ဝက်မွေးမြူရေးခြံတွင် ကြည့်ရှုစစ်ဆေးစဉ်။ (မွေး/ရေ)

တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်နှင့် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်း စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၃၀

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်ညွှန့်နှင့် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၆ရက် နံနက် ၁၁နာရီတွင် မန္တလေးတိုင်း မြစ်သားမြို့နယ် ကူမဲရှိ ငါးလုပ်ငန်းဦးစီးဌာန ကူမဲငါးမွေးမြူရေးစခန်းသို့ရောက်ရှိရာ တီလားပီးယား ငါးမွေးမြူထားရှိမှုနှင့် ငါးသားဖောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်အောင်သန်းထွဋ်၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် မေ ၂၇ရက် **စာမျက်နှာ ၇ ကော်လံ ၁ သို့** ✳

နိုင်ငံတကာ ကျန်းမာရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို မြန်မာနိုင်ငံက အပြည့်အဝ အကောင်အထည်ဖော်လျက်ရှိ ပြည်သူ့ကျန်းမာရေးတဏှာသိုလ်ကို မကြာမီ ဖွင့်လှစ်နိုင်မည်

ရန်ကုန် မေ ၃၀

ကျန်းမာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာကျော်မြင့်သည် ဆွစ်ဇာလန်နိုင်ငံ ဂျီနီဗာမြို့၌ မေ ၂၂ရက်မှ ၂၇ ရက်အထိ ကျင်းပခဲ့သော (၅၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံသို့ တက်ရောက်ခဲ့သည်။

ဝန်ကြီးသည် (၅၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေး ညီလာခံ မစတင်မီ မေ ၂၁ ရက်တွင် ကျင်းပသော ကမ္ဘာ့ကျန်းမာရေးအဖွဲ့ အရှေ့တောင်အာရှ ဒေသတွင်း နိုင်ငံများ၏ ကျန်းမာရေးဝန်ကြီးများ ကြိုတင်ညှိနှိုင်း အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဒေသတွင်း နိုင်ငံများက (၅၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေး ညီလာခံတွင် တင်ပြဆွေးနွေးမည့် ကျန်းမာရေးဆိုင်ရာ ကိစ္စရပ်များကို ပါဝင်ဆွေးနွေးခဲ့သည်။

ဝန်ကြီးခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၂၂ရက်တွင် ကျင်းပသော (၅၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေးညီလာခံဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်ခဲ့ပြီး ဖွင့်ပွဲအခမ်းအနားတွင် သဘာပတိ မိုဇမ်ဘစ် နိုင်ငံ ကျန်းမာရေးဝန်ကြီး H.E. Professor Paulo lvo Garrido က အဖွင့်မိန့်ခွန်းပြောကြား၍ ညီလာခံကို ဖွင့်လှစ်ပေးခဲ့သည်။

ထို့နောက် ဝန်ကြီးသည် ကော်မတီ(အေ) အစည်းအဝေးသို့ တက်ရောက်ခဲ့ပြီး ဘာသာရပ်အလိုက် ဆွေးနွေးမှုများတွင် ပါဝင်တက်ရောက်ခဲ့သည်။

ဝန်ကြီးသည် မေ ၂၃ ရက် နံနက်ပိုင်းတွင် (၅၉)ကြိမ်မြောက် ကမ္ဘာ့ကျန်းမာရေး ညီလာခံ၌ မိန့်ခွန်းပြောကြားရာတွင် မြန်မာနိုင်ငံသည် ကုလသမဂ္ဂ ထောင်စုနှစ် **စာမျက်နှာ ၇ ကော်လံ ၃ သို့** ❐

က မ္ဘာ့ ဆေး လိပ် မ သောက် ရေး နေ့ အ ထူး သ တင်း ဆောင်း ပါး

ဆေးလိပ်မသောက်တတ်သေးသူများ လုံးဝအစပြုမသောက်သင့် ကွမ်းစားဆေးအမျိုးမျိုးကြောင့်လည်း ရောဂါဆိုးများဖြစ်နိုင်

ရန်ကုန် မေ ၃၀

ဆေးရွက်ကြီးထွက် ပစ္စည်းအမျိုးမျိုးဖြစ်သည့် စီးကရက်၊ ဆေးပေါ့လိပ် သောက်ရှုခြင်း၊ ဆေးငုံခြင်း၊ ကွမ်းယာတွင် ဆေးရွက်ကြီးထွက်ပစ္စည်းများ ထည့်သွင်းစားသုံးခြင်း စသော ချင်ခြင်းပြေ မှီဝဲခြင်း၊ ထိုမှတစ်ဆင့် စွဲလမ်းခြင်းကြောင့် ကမ္ဘာတစ်ဝန်းတွင် နှစ်စဉ် လူဦးရေ ငါးသန်းကျော်တို့မှာ နှလုံးသွေးကြောကျဉ်းခြင်း၊ ရုတ်တရက် နှလုံးသွေးရပ်ခြင်း၊ လေဖြတ်ခြင်း၊ အဆုတ်လေပွန်ရောင်ရမ်းခြင်း၊ အဆုတ်ကင်ဆာဖြစ်ခြင်း၊ ပါးစပ်၊ အစာပြွန်၊ လေမျိုပြွန်ဝ၊ ဆီးအိမ်ကင်ဆာနှင့် အခြားကင်ဆာများ၊ ခြေပုပ်လက်ပုပ် စသော ရောဂါဆိုးများကို ခံစားရပြီး နှစ်စဉ် အသက်ဆုံးရှုံးနေရသည်။

ဆေးလိပ်နှင့် ဆေးရွက်ကြီးထွက်ပစ္စည်းများ သုံးစွဲမှုကြောင့် ဖြစ်ပေါ်ရသော ရောဂါဆိုးများကို ကမ္ဘာ့ပြည်သူများ ကျန်းမာရေးအသိ၊ သတိရှိရှိဖြင့် **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** ▲

ဆေးလိပ်မသောက်မီပုံ

ဆေးလိပ်သောက်ပြီးပုံ

ရေးသူ–ဇော်ဝင်း(ကြေးမုံ)
ဓာတ်ပုံ–ငွေးအောင်
(ကြေးမုံ)

ဆေးလိပ်သောက်လျှင် သွေးကြောများကျဉ်းပြီး ဤသို့ လက်ဖျားမှ သွေးများ ဆုတ်တတ်သည်။